www.burmeseclassic.com


ရှေးမူဟောင်းမပျက် တင်ဆက်ထားသော

# အိပ်မက်အမျိုးမျိုး

နှင့်

# အသားလှုပ်နိမိတ်

ကောသလမင်းအိပ်မက်(၁၆)ချက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | အိပ်မက်ခြင်း ခြောက်ပါး | [illegible] |
| ၂။ | အိပ်မက်အပြား လေးပါး၊ အိပ်မက်သော အခါသုံးပါး။ အိပ်မက်သော အခါလေးပါး။ အိပ်မက်သော အခါငါးပါး | [illegible] |
| ၃။ | အိပ်မက်သော အခါလေးပါး။ အိပ်မက်သော အခါငါးပါး အိပ်မက်သော အခါငါးပါး | [illegible] |
| ၄။ | အိပ်မက်သော နေ့များ။ အိပ်မက်မကောင်း ပျောက်အောင် ကုနည်း | [illegible] |
| ၅။ | အိပ်မက်မကောင်းလျှင် ယကြောပြုခြင်း။ [က] နှင့် ပတ်သက်သော အိပ်မက်များ | [illegible] |
| ၆။ | [ခ] နှင့် ပတ်သက်သော အိပ်မက်များ | ၁၀ |
| ၇။ | [ဂ, င, စ, ဆ] နှင့် ပတ်သက်သော အိပ်မက်များ | ၁၂–[illegible] |
| ၈။ | [ဇ, ဈ, ည] နှင့် ပတ်သက်သော အိပ်မက်များ | ၁၄–[illegible] |
| ၉။ | [တ, ထ] နှင့် ပတ်သက်သော အိပ်မက်များ | ၁၆–[illegible] |
| ၁၀။ | [ဒ, ဓ, န] နှင့် ပတ်သက်သော အိပ်မက်များ | ၁၈–[illegible] |
| ၁၁။ | [ပ] နှင့် ပတ်သက်သော အိပ်မက်များ | [illegible] |
| ၁၂။ | [ဖ, ဗ, ဘ] နှင့် ပတ်သက်သော အိပ်မက်များ | ၂[illegible]–[illegible] |
| ၁၃။ | [မ] နှင့် ပတ်သက်သော အိပ်မက်များ | [illegible] |
| ၁၄။ | [ယ, ရ, လ] နှင့် ပတ်သက်သော အိပ်မက်များ | ၂[illegible]–[illegible] |
| ၁၅။ | [ဝ, သ] နှင့် ပတ်သက်သော အိပ်မက်များ | [illegible] |
| ၁၆။ | [ဟ, အ] နှင့် ပတ်သက်သော အိပ်မက်များ | [illegible] |
| ၁၇။ | ကောသလမင်း အိပ်မက် (၁၆) ချက် | [illegible] |
| ၁၈။ | အသားလှုပ်နိမိတ်ကျမ်း | [illegible] |
| ၁၉။ | ပျားစွဲအဟော | [illegible] |
| ၂၀။ | လင်းတနား အဟော | [illegible] |


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၁၁၀/၈၇) (၁၀)
မျက်နှာဖုံးခွင့်ပြုချက် (၁၃၀/၈၇) (၁၁)

၁၉၈၇–ခုနှစ်၊ ဒီဇင်ဘာလ

(ပထမအကြိမ်) အုပ်ရေ – ၅၀၀၀

**မျက်နှာဖုံး**

ဦးထွန်းလှ၊ အောင်နေဝင်းပုံနှိပ်တိုက် (၀၂၅၉၅)
အမှတ် ၁၄၂၊ ၃၄–လမ်း၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**

ဒေါ်လှမြင့်၊ ချိုးဖြူပုံနှိပ်တိုက် (၀၉၆၀)
အမှတ် ၉၁၆၊ သုခိတာ ၂၄–လမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

# အိပ်မက်အမျိုးမျိုးနှင့် အသားလှုပ်နိမိတ်

အိပ်မက်ကို လူတိုင်းမက်သည်။ သို့သော် မိမိတို့အိပ်မက်၏ ကောင်းကျိုး ဆိုးကျိုးကို ကြိုတင်၍ သတိမထားသည့်အတွက် အကျိုးခံစားသင့်သောအရာများ လွဲချော်သွားသည်လည်း ရှိပေသည်။ မကောင်းကျိုးကို မခံစားရမီ ကြိုတင်၍ နိမိတ်အနေအထားအားဖြင့် အိပ်မက်မြင်မက်သည်ဖြစ်လျက် မိမိတို့၏ အိပ်မက်ကို သတိမမူ၍ ဖြစ်စေ၊ အဓိပ္ပာယ်ကို နားမလည်၍ဖြစ်စေ အမှုမဲ့ အမှတ်မဲ့နေသည့်အတွက် ဒုက္ခမတွေ့သင့်ဘဲနှင့် တွေ့ရတတ်သည်။ ဓာတ်ချော ချောက်ချား၍ မြင်မက်ခြင်းသည်လည်း ရှိတတ်၏။ ထိုအိပ်မက်ကို အမှန်မယူနိုင်ပါ။

အကယ်၍ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် မြင်မက်သည်ဟု ယူဆမိလျှင် မိမိမြင်မက်သော အိပ်မက်၏ ကောင်းကျိုး ဆိုးပြစ်ကို ဝေဖန်တတ်သူကို ရှာ၍ ထိုသူအား ပြောပြရမည်။ သို့မဟုတ် အိပ်မက်ဆိုင်ရာ ကျမ်းစာအုပ်တို့ကို ဖတ်၍ ဝေဖန်ချက်ချပြီးလျှင် ကောင်းကျိုးပေးမည့် အိပ်မက်ဖြစ်က ပေးရန် အချိန်ကာလကို စောင့်ဆိုင်းလျက် အထူး သတိနှင့် နေရမည်။

ဆိုးကျိုးပေးမည့် အိပ်မက်ဖြစ်က ထိုပေးလတ္တံ့သော အကျိုးကို မပေးရန် အဟောသိကံ ဖြစ်သွားအောင် ရတနာသုံးပါး၊ ဆရာသမား၊ ဘိုးဘွားမိဘတို့ကို ကိုးကွယ်ဆည်းကပ်၍ ယတြာများ ဆင်ရပေမည်။ ဤသို့ ညွှန်ပြအပ်သည့်အတိုင်း အိပ်မက်မြင်မက်တိုင်း ဂရုပြုရန် သတိရှိကြစေလိုသည်။

ဤသို့ ကျမ်းအစောင်စောင်တို့ အဆိုမည်ကြာ၊ သို့သော်လည်း အိပ်မက်မကောင်း ထင်မြင်လျက် မက်သည့်အချိန်အခါ

www.burmeseclassic.com

www.burmeseclassic.com



နေ့၌ မက်သော အိပ်မက်ဖြစ်စေ 'ယတြာကောင်းက မင်းလောင်းပျောက်' ဆိုသကဲ့သို့ ဆေးရုစ်ပါးဖြင့် ခေါင်းဆေးခြင်းကိုလည်းကောင်း၊ ဘုရားပုထိုးရှိခိုးခြင်း၊ နံ့သာပန်းတို့ဖြင့် သက်စေပူဇော်ခြင်း၊ တြိရန်း, စတုရန်း, နံ့သင့်သစ်သားတို့ကို အောက်ခံပြု၍ ခေါင်းဆေးခြင်းကိုလည်းကောင်း ဤသို့ စသော လောကဓမ္မယတြာကို ပြုခြင်းကြောင့် လွန်သည်မရှိ ကင်းပျောက်ကုန်၏။

အိပ်မက်၊ အတိတ်၊ နိမိတ်၊ တဘောင်၊ စနည်း၊ ဂြိုဟ်စားသက်ရောက် အစရှိသည်တို့ကို မယုံကြည်တတ်လျှင် မိစ္ဆာဒိဋ္ဌိဖြစ်တတ်၏။ ထို့ကြောင့် "ငါ့အား အ,ကုသိုလ်ကံအကျိုးပေးလို၍ မကောင်းသောအိပ်မက် စသည်တို့ မြင်လာကုန်သည်။ ကုသိုလ်ကံအကျိုးပေးလို၍ ကောင်းသောအိပ်မက် စသည်တို့ မြင်လာကုန်သည်။ ဤသို့ ပုဗ္ဗနိမိတ်အဖြစ်ဖြင့် ကံကို အရင်းထား၍ ယုံကြည်ရမည်" ဟု ပညာရှိတို့ မိန့်တော်မူကြ၏။ ထို့ကြောင့် အိပ်မက်များအား ကံကို အရင်းထား၍ ယုံကြည်ကြပါလေ။

## အိပ်မက်ခြင်း ခြောက်ပါး

၁။ မြင်ဖူးသည်ကို စွဲ၍မက်မူ အကျိုးအပြစ်ရှိ၏။
၂။ ကြားဖူးသည်ကို စွဲ၍မက်မူ အကျိုးအပြစ်ရှိ၏။
၃။ ခံစားဖူးသည်ကို စွဲ၍မက်မူ အကျိုးအပြစ်ရှိ၏။
၄။ ကြုံဖူးသည်ကို စွဲ၍မက်မူ အကျိုးအပြစ်ရှိ၏။
၅။ ဖြစ်ဖူးသည်ကို စွဲ၍မက်မူ အကျိုးအပြစ်ရှိ၏။
၆။ ဓာတ်ချောက်ချား၍မက်မူ အကျိုးအပြစ်မရှိ။



## အိပ်မက်အပြား လေးပါး

၁။ နတ်တို့ပြောကြား၍မက်မူ အကျိုးအပြစ်ရှိ၏။
၂။ ရှေ့ခံစား လေ့လာဖူး၍မက်မူ အကျိုးအပြစ်မရှိ။
၃။ ဓာတ်ချောက်ချား၍မက်မူ အကျိုးအပြစ်မရှိ။
၄။ အကျိုးပေးလတ္တံ့သောကြောင့် မက်မူ ဧကန္တအကျိုးရှိ၏။

## အိပ်မက်သော အခါသုံးပါး

၁။ ညဉ့်ဦးယံမက်မူ တစ်နှစ်အတွင်း အကျိုးအပြစ်ပေးအံ့။
၂။ သန်းခေါင်မက်မူ နှစ်နှစ်ခွဲအတွင်း အကျိုးအပြစ်ပေးအံ့။
၃။ မိုးသောက်မက်မူ တစ်လအတွင်း အကျိုးအပြစ်ပေးအံ့။

## အိပ်မက်သော အခါလေးပါး

၁။ နေ့အခါမက်မူ မှန်မမှန် နှစ်ပါး။
၂။ ညဉ့်ဦးယံမက်မူ မှန်မမှန် နှစ်ပါး။
၃။ မိုးသောက်မက်မူ အမှန်။
၄။ အရုဏ်တက်မက်မူ အမှန်။

## အိပ်မက်သော အခါငါးပါး

၁။ ညဉ့်ဦးယံမက်မူ တစ်နှစ်အတွင်း အကျိုးအပြစ်ပေးအံ့။
၂။ သန်းခေါင်မက်မူ နှစ်နှစ်အတွင်း အကျိုးအပြစ်ပေးအံ့။
၃။ မိုးသောက်မက်မူ တစ်နှစ်အတွင်း အကျိုးပေးအံ့။
၄။ နံနက်နေတက် မက်မူ ခုနစ်လအတွင်း အကျိုးပေးအံ့။
၅။ မွန်းတည့်မက်မူ ခုနစ်လအတွင်း အကျိုးအပြစ်ပေးအံ့။

www.burmeseclassic.com

www.burmeseclassic.com



## အိပ်မက်သော အခါလေးပါး

၁။ ညဥ့်ဦးယံမက်မှု တစ်နှစ်အတွင်း အကျိုးအပြစ်ပေးအံ့။
၂။ သန်းခေါင်ယံမက်မှု တစ်လခွဲအတွင်း အကျိုးအပြစ်ပေးအံ့။
၃။ သန်းလွဲမက်မှု ခုနစ်ရက်အတွင်း အကျိုးအပြစ်ပေးအံ့။
၄။ မိုးသောက်မက်မှု တစ်လအတွင်း အကျိုးအပြစ်ပေးအံ့။

## အိပ်မက်သော အခါငါးပါး

၁။ နေ့အခါမက်မှု အကျိုးအပြစ်မပေး။
၂။ ပထမယံမက်မှု အကျိုးအပြစ်မပေး။
၃။ သန်းခေါင်ယံမက်မှု အကျိုးအပြစ်ပေးအံ့။
၄။ မိုးသောက်ယံမက်မှု အကျိုးအပြစ်ပေးအံ့။
၅။ အရုဏ်တက် မက်မှု အကျိုးအပြစ်ပေးအံ့။

## အိပ်မက်သော အခါငါးပါး

၁။ ပထမယံမက်မှု တစ်နှစ်အတွင်း အကျိုးပေးအံ့။
၂။ ဒုတိယယံမက်မှု ခြောက်လအတွင်း အကျိုးအပြစ်ပေးအံ့။
၃။ တတိယယံမက်မှု သုံးလအတွင်း အကျိုးအပြစ်ပေးအံ့။
၄။ စတုတ္ထယံမက်မှု ဆယ်ရက်အတွင်း အကျိုးအပြစ်ပေးအံ့။
၅။ အရုဏ်တက် မက်မှု ဆယ်ရက်အတွင်း အကျိုးအပြစ်ပေးအံ့။



## အိပ်မက်သော နေ့များ

၁။ တနင်္ဂနွေနေ့မက်မှု မယားအတွက် မက်သည်။
၂။ တနင်္လာနေ့မက်မှု ဆွေမျိုးအတွက် မက်သည်။
၃။ အင်္ဂါနေ့မက်မှု မိဘ၊ ဆရာသမားအတွက် မက်သည်။
၄။ ဗုဒ္ဓဟူးနေ့မက်မှု သားသမီးအတွက် မက်သည်။
၅။ ကြာသပတေးနေ့မက်မှု အဆွေခင်ပွန်းအတွက် မက်သည်။
၆။ သောကြာနေ့မက်မှု ကျွန်၊ ကျွဲ၊ နွားအတွက် မက်သည်။
၇။ စနေနေ့မက်မှု ကိုယ့်အတွက် မက်သည်။

## အိပ်မက်မကောင်း ပျောက်အောင် ကုနည်း

အိပ်မက် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ နံနက်အခါ မြော်မြင်တတ်သူထံ ပြန်ကြားရာ၏။ အိပ်မက်ကောင်းမှု ဘုရားကို မီးပူဇော်၍ အိပ်မက်ကို ရွေးရာ၏။ အသက်ရှည်၍ ဘုန်းကြီးပြီး စည်းစိမ်ဥစ္စာနှင့် ပြည့်စုံလိုပါ၏ဟု ဆုတောင်းရာ၏။

အိပ်မက်ကောင်းမက်မှု ဆရာသမားတို့ကို ပူဇော်၍ ပြန်ကြားရာ၏။ မကောင်းမက်မှု ထမင်းတစ်ဆုပ်၊ ရေတစ်မှုတ်နှင့် သစ်ငုတ်တိုတွင် တင်ခဲ့၍ ကောင်းသောအရသာ တစ်ပါးပါး စား၍ ပြန်ရာ၏။

အိပ်မက်မကောင်းသော သူသည် ပရိတ်တော်ရေ ခံ၍ ခေါင်းဆေးရာ၏။ သစ်ငုတ်၊ ရေချမ်း၊ ထီး၊ တံခွန်၊ ပန်းတို့ဖြင့် ဘုရားပုထိုးကို ပူဇော်ရာ၏။ ဗောဓိညောင်ကို ထောက်ရာ၏။

www.burmeseclassic.com



## အိပ်မက်မကောင်းလျှင် ယတြာပြုခြင်း

အကံ့ရ ရသေ့ တိတ္ထံကျမ်း၌ မကောင်းသောအိပ်မက်တို့ကို မြင်မက်ခဲ့လျှင် ရတနာသုံးပါး မိဘ, ဆရာသမားတို့အား ပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ကို ပြုလျှင် မကောင်းကျိုးပျောက်၍ ကောင်းကျိုးရောက်ရာ၏။

### [ က ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ကြာမျိုးငါးပါးအနံ့ကို ရှူရသည်ဟု မြင်မက်မူ တည်ကြည်စွာ ဂုဏ်သတင်းကျော်စောရအံ့။

၂။ ကြာညိုပန်းကို ပန်ရသည်ဟု မြင်မက်မူ မယားကောင်းရအံ့။

၃။ ကြာသွတ်အိုးနှင့် ရေချိုးရသည်ဟု မြင်မက်မူ သူတစ်ပါးတို့၏ မိုခိုရာဖြစ်အံ့။ ကြာသွတ်အိုးမြင်မက်မူ စည်းစိမ်များအံ့။

၄။ ကြာပန်းစသည်မြင်မက်မူ ဖျားနာအံ့။

၅။ ကျွဲစီးရသည်ဟု မြင်မက်မူ ကျေးကျွန်ရအံ့။

၆။ ကျွဲ၊ နွား၊ ဝက်၊ မြွေခွေး၊ လင်းတ တိရစ္ဆာန်တို့ကို မြင်မက်မူ ဥပါဒ်ရောက်အံ့။

၇။ ကျွဲ၊ နွား၊ ဝက်၊ ဆင်၊ မြင်းတို့အား ကောင်းသော အခြင်းအရာဖြင့် မြင်မက်မူ နတ်စိမ်းတို့ နှစ်သက်အံ့။

၈။ ကျွဲခတ်သည်ဟု မြင်မက်မူ ရန်ကြီးစွာ တွေ့ရအံ့။

၉။ ကျွဲထွက်ပြေးသည်ဟု မြင်မက်မူ ရန်သူ၊ ကျွန်အမှုလုပ်တို့ ပြေးအံ့။

၁၀။ ကျင်ကြီးစွန့်ရသည်ဟု မြင်မက်မူ ဥစ္စာလျော့အံ့။

၁၁။ ကျင်ငယ်စွန့်ရသည်ဟု မြင်မက်မူ ဂုဏ်သရေလျော့အံ့။



၁၂။ ကိုယ်ပေါ်သို့ လောက်တက်သည်ဟု မြင်မက်မူ ဥစ္စာရအံ့။ ကျေးကျွန်၊ ကျွဲ၊ နွားသော် ရအံ့။

၁၃။ ကိုယ်ခန္ဓာပုပ်သည်ဟု မြင်မက်မူ တန်ခိုးကြီးအံ့။

၁၄။ ကိုယ်မှာ အကြောင်အကြားရှိသည်ဟု မြင်မက်မူ မယားကောင်းရအံ့။ ကိုယ်အမွေးရှည်သည်ဟု မြင်မက်မူ တန်ခိုးကြီးအံ့။ ကိုယ်လက်ယားယံသည်ဟု မက်မူ လာဘ်ကြီးရအံ့။ ကိုယ်အရောင်တောက်ပသည်ဟု မြင်မက်မူ တန်ခိုးကြီးအံ့။

၁၅။ ကောင်းသောအခြင်းအရာဖြင့် မြွေကို မြင်မက်မူ ပြိတ္တာသရဲ၊ သဘက်တို့ ကျေးဇူးပြုအံ့။ ကောင်းသော အခြင်းအရာဖြင့် လင်းတကို မြင်မက်မူ ဇော်ဂနီနတ်ချစ်ရအံ့။

၁၆။ ကောင်းကင်၌ တည်ရှိသော ပြာသာဒ်သို့တက်၍ ကာမဂုဏ်ခံစားရသည်ဟု မြင်မက်မူ အကြီးအမှူးဖြစ်ရအံ့။

၁၇။ ကောင်းကင်ပျံတက် တံခွန်လွှားမြင်မက်မူ ထင်ရှားရအံ့။

၁၈။ ကျောက်ဖျာအိမ်မိုးမြင်မက်မူ အများသခင်ဖြစ်ရအံ့။

၁၉။ ကျောက်ဖျာထက်နေရသည်ဟု မြင်မက်မူ အလွန်ကောင်းအံ့။

၂၀။ ကျောက်ဖျာကို မျိုရသည်ဟု မြင်မက်မူ ကျေးဇူးသတင်းပျံ့နှံ့ခြင်းဖြစ်အံ့။

၂၁။ ကြက်ချင်းခွပ်သည်ဟု မြင်မက်မူ တရားတွေ့ရအံ့။

၂၂။ ကြက်၊ ငှက်တို့၏အတောင်များကို စားရသည်ဟု မြင်မက်မူ ချမ်းသာရအံ့။

၂၃။ ကခုန်မြူးတူးရသည်ဟု မြင်မက်မူ မကောင်း။

၂၄။ ကျားစွယ်၊ မိကျောင်းစွယ်ကို ရင်ခွင်ပိုက်ရသည်ဟု မြင်မက်မူ အများထက် ထူးချွန်သူဖြစ်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



၂၅။ ကျားကိုမြင်မက်မူ မကောင်း။

၂၆။ ကုန်းကိုတက်ပြီးမှ ကျင်းသို့ဆင်း၍ ခေါင်းဆေးရသည်ဟု မြင်မက်မူ ဘုန်းတန်ခိုးကြီးအံ့။

၂၇။ ကြွယ်ဝသောသူကို မြင်မက်မူ ကောင်းကျိုးရောက်အံ့။

၂၈။ ကျက်ပြီးသား လူသားကိုလည်းကောင်း၊ လူ၏လက်ရုံးသားကိုလည်းကောင်း စားရသည်ဟု မြင်မက်မူ ထီပေါက်အံ့။

၂၉။ ကွန်းစင်အခေါင် တက်ရသည်ဟု မြင်မက်မူ အကြီးအကဲ ဖြစ်အံ့။

၃၀။ ကွမ်းရွက်၊ သစ်ရွက် စားရသည်ဟု မြင်မက်မူ ပုဆိုးကောင်း၊ အဝတ်ကောင်းရအံ့။

## [ ခ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ခရုသင်းကို မြင်မက်မူ ဘေးဥပါဒ်ပျောက်ကင်းအံ့။

၂။ ခရုသင်းပေးလာသည်ကို မြင်မက်မူ အကျင့်မြတ်သူ သန္ဓေတည်အံ့။ ခရုသင်းမှုတ်ရသည်ဟုမြင်မက်မူ စည်းစိမ်တိုးအံ့။

၃။ ခွေးကိုက်သည်ဟုမက်မူ အမှောင့်ပယောဂ ကိုယ်သို့ကပ်အံ့။

၄။ ခေါင်းဖြီးရသည်ဟု မြင်မက်မူ မိဘတို့ အကျော်အစော ရှိအံ့။ ဘေးပျောက်အံ့။

၅။ ခံတွင်းသို့ မကောင်းသောအနံ့ဝင်သည်ဟု မြင်မက်မူ သီချင်းကျက်မှတ်ရအံ့။ ခံတွင်းက အနံ့မကောင်းထွက်သည်ဟု မြင်မက်မူ ယုတ်မာသော စကားကို ဆိုရအံ့။ ခံတွင်းက ကောင်းသောအနံ့ ထွက်သည်ဟု မြင်မက်မူ ကောင်းသော စကားကို ဆိုရအံ့။



၆။ ခံတွင်းသို့ မွှေးကြိုင်သော ရနံ့ ဝင်သည်ဟု မြင်မက်မူ လောကုတ္တရာကျမ်းစာကျက်မှတ်ရအံ့။ ခံတွင်းက အပုပ်နံ့ ထွက်သည်ဟု မြင်မက်မူ ယုတ်မာသော စကားကို ဆိုရအံ့။

၇။ ခံတွင်းဖြင့် လက်နက်ကို ယူရသည် မြင်မက်မူ ချမ်းသာ ကြွယ်ဝအံ့။

၈။ ခြေလက်တိုသည်ဟု မြင်မက်မူ ဘုန်းကြီးအံ့။

၉။ ခြေသည်း လက်သည်းတို့ကို ရေတွက်ရသည်ဟု မြင်မက်မူ အသက်ရှည်အံ့။ အသက်ရှည်အံ့။

၁၀။ ခြေသည်း လက်သည်း လှီးရသည်ဟု မြင်မက်မူ အကြီးအကဲ ဖြစ်အံ့။ အထက်လူကြီးများ ချစ်ခင်အံ့။

၁၁။ ခြသေ့်ကို စီးသွားသည် မြင်မက်မူ စီးသူ ကြီးပွားချမ်းသာအံ့။ ခင်ပုပ်ငှက်သံကို ကြားရသည်မြင်မက်မူ အနာဖျားသင့်အံ့။

၁၂။ ခရီးသွားရသည်ဟု မြင်မက်မူ အကြံမြောက်အံ့။

၁၃။ ခိုးသူတို့ အရပ်လေးမျက်နှာမှ လာသည်ကို ဖမ်းမိသည်ဟု မြင်မက်မူ ချမ်းသာအံ့။

၁၄။ ချေးထွက်၊ သွေးထွက်သည်ကို မြင်မက်မူ ဘုန်းကြီးအံ့။

၁၅။ ချွန်းတောင်းလက်ဆွဲရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။

၁၆။ ချောင်းအကြည်၊ ကန်အကြည်ကို မြင်မက်မူ ဝန်ယမ်းဖြစ်အံ့။

၁၇။ ချိုးသား၊ ကြက်သားကို စားရသည် မြင်မက်မူ လာဘ်ရအံ့။

၁၈။ ခုံညင်းကစားရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။

၁၉။ ခြူ၊ ဆည်းလည်းလှုပ်ရသည်ဟု မြင်မက်မူ မကောင်း။

၂၀။ ခင်ပုပ်ငှက်မြည်သံကို ကြားရသည် မြင်မက်မူ အနာကြီး သင့်ရာ၏။

www.burmeseclassic.com

www.burmeseclassic.com



## [ ဂ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဂူလိုဏ်ကိုလည်းကောင်း၊ တံတိုင်းကိုလည်းကောင်း ပြုလုပ်ရသည်မြင်မက်မှု ချမ်းသာသုခကိုရ၍ ဘေးရန်မရှိတည်မြဲအံ့။

၂။ ဂူ(သင်္ချိုင်း)ကို မြင်မက်မှု အမွေရအံ့၊ ထီပေါက်အံ့။

၃။ ဂျုံစားရသည်မြင်မက်မှု လုံခြုံအံ့၊ အသက်ရှည်အံ့။

၄။ ဂျုံခင်းထဲ၌ သွားရသည်မြင်မက်မှု မြင့်မြတ်သောသူနှင့် လက်ထပ်ရအံ့၊ ချမ်းသာရန် နီးကပ်အံ့။

၅။ ဂဏန်း(သင်္ချာ)များ ပေါင်းရသည်၊ မြှောက်ရသည် မြင်မက်မှု ဝင်ငွေတိုးအံ့၊ စိတ်ချမ်းသာအံ့။

၆။ ဂမုန်းပင်ကို မြင်မက်မှု အကြီးအကျယ်စီးပွားဖြစ်အံ့။ (စီးပွားဂမုန်း) မီးကွင်းဂမုန်းဖြစ်လျှင် ပူပင်သောက ကင်းဝေးအံ့။

၇။ ဂုန်လျှော်ပင်များ စိုက်ရသည် မြင်မက်မှု သာယာသော အိမ်ထောင်ရေး ဖန်တီးရအံ့။

၈။ ဂေါ်မုတ်ကျောက်ကို မြင်မက်မှု အေးချမ်းသာယာအံ့။

၉။ ဂေါက်သီးကစားရသည်ကို မြင်မက်မှု လိုအင်ဆန္ဒပြည့်စုံအံ့။

## [ င ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ငှက်ပျောပင်ကို မြင်မက်မှု ရွာအရပ်ပြောင်းရအံ့။

၂။ ငှက်ပျောပင်ကို စိုက်ရသည်ဟု မြင်မက်မှု ရာထူးကြီးရအံ့။

၃။ ငှက်တော်ကို ဖမ်းမိသည်ဟု မြင်မက်မှု ပညာရှိဖြစ်အံ့။

၄။ ငရုတ်သီးကိုစားရသည်ဟု မြင်မက်မှု ရာထူးတိုးတက်အံ့။

၅။ ငရုတ်၊ ချင်းစားရသည်ကိုမက်မှု သူတကာတို့၏ ဆရာဖြစ်အံ့။

၆။ ငိုကြွေးရသည်ဟု မြင်မက်မှု လာဘ်ရအံ့။



## [ စ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ စင်ကြယ်သော ကလေးသူငယ်ကိုလည်းကောင်း၊ မီးရဲရဲကိုလည်းကောင်း၊ ခြသေ့ကိုလည်းကောင်း၊ နန်းပြာသာဒ်ကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ပုဏ္ဏားကိုလည်းကောင်း မြင်မက်မှု ချမ်းသာသုခကြီးအံ့။

၂။ စင်ကြယ်သောနွားကို မြင်မက်မှု ကောင်းကျိုးဖြစ်အံ့။

၃။ စောင်းတီးရသည်ဟု မြင်မက်မှု စည်းစိမ်တိုးအံ့။

၄။ စောင်းမှတစ်ပါး အခြားတူရိယာတို့ကို တီးရသည်၊ သီချင်းဆိုရသည်ဟု မြင်မက်မှု မကောင်း။

၅။ စပါးကို မြင်မက်မှု စကားဟောင်း ပေါ်အံ့။

၆။ စစ်သည်အများ လာသည်ဟု မြင်မက်မှု အနာရောဂါဖြစ်အံ့။ စစ်သည်ဗိုလ်ပါကို မြင်မက်မှု ချမ်းသာသုခတိုးအံ့။

၇။ စည်၊ ကြေးနန်း၊ မောင်း၊ ခွက်ခွင်း၊ ပတ်သာ၊ နရည်၊ ခေါင်းလောင်း စသော အသံကို ကြားရသည်ဟု မြင်မက်မှု ဘုန်းကျက်သရေတိုးအံ့။

၈။ စားကြူးသည်ဟု မြင်မက်မှု ဥစ္စာရွှေငွေလျော့အံ့၊ ဖျားနာအံ့၊ စိုးရိမ်ကြောင့်ကြမြင်မက်မှု ဆိုလေရာကောင်းအံ့။

## [ ဆ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဆင်၊ မြင်း၊ ဗိုလ်ပါကို မြင်မက်မှု စိတ်ချမ်းသာအံ့။

၂။ ဆင်ပေါက် မြင်မက်မှု သူတစ်ပါးကိုးကွယ်ရာ ဖြစ်အံ့။

၃။ ဆင်၊ မြင်း၊ နွားတို့ကို မြင်မက်မှု ကောင်းလေးအံ့။

၄။ ဆင်ဖြူစွယ်တော် မြင်မက်မှု သူကောင်းပြုခံရအံ့။

www.burmeseclassic.com

www.burmeseclassic.com



၅။ ဆင်စွယ်နှစ်ချောင်းဆွဲရသည်ဟု မြင်မက်မူ ထင်ရှားကျော်စောအံ့။

၆။ ဆင်ဖြူစီး၍ ကောင်းကင်သို့တက်ရာ နေ့လနှစ်ပါးကျလာ၍ ခြေဖဝါးအပြင်ကပ်လျက်တည်သည်ဟုမက်မူ တန်ခိုးကြီးအံ့။

၇။ ဆံပင်ရှည်ကို မြင်မက်မူ တန်ခိုးကြီးအံ့။

၈။ ဆံပင်ရှည်ကိုမြင်မက်မူ အကျင့်ကောင်း၍ အကြီးအကဲဖြစ်အံ့။

၉။ ဆံပင်ဖြေရသည်ကို မြင်မက်မူ ဥစ္စာလျှော့အံ့။

၁၀။ ဆား၊ ဆီ၌ ထိုင်ရသည်မြင်မက်မူ မကောင်း။

၁၁။ ဆားလျက်ရသည်ဟု မြင်မက်မူ သူတစ်ပါးတို့ ကိုးကွယ်ရာဖြစ်အံ့။

၁၂။ ဆင်းတုရုပ်ပွား တရားဟောသည်ကို ကြားရမက်မူ ကျော်စောအံ့။ ဆိတ်ဆိတ်နေသည်ကို မြင်မက်မူ သေအံ့။

၁၃။ ဆူးစူးသည်ဟု မြင်မက်မူ ရန်တွေ့အံ့။

## [ ဇ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဇာထိုးရသည် မြင်မက်မူ အချစ်တိုးအံ့၊ အကြံအောင်အံ့။

၂။ ဇာကနာနှင့် အသုံးပြုရသည် မြင်မက်မူ အဆွေခင်ပွန်းကောင်း ရအံ့။

၃။ ဇာတာလုပ်ရသည်မက်မူ မိမိအတွက် အထူးအကျိုးပေးအံ့။

၄။ ဇီးကွက်ကို နေ့အခါမြင်မက်မူ လာဘ်ကြီးရအံ့၊ ပျော်ရွှင်ရအံ့။

၅။ ဇီးကွက်အော်သံကြားရသည် မြင်မက်မူ အတင်းပြောသူတို့ တိတ်ဆိတ်အံ့။ ကောင်းမွန်သော နည်းလမ်းများ ရအံ့။ အလုပ်အကိုင် အကြံပေးသူများ ပေါ်အံ့။



၆။ ဇရပ်ဆောက်လုပ်ရသည်မြင်မက်မူ ရပ်ရေးရွာရေးကိစ္စများ၌ အထူးကူညီရအံ့၊ ငွေရလွယ်အံ့။

၇။ ဇော်ဂျီကို မြင်မက်မူ ကျန်းမာအံ့၊ ဆေးကောင်းတွေ့အံ့၊ ထင်ပေါ်ကျော်စောအံ့။

၈။ ဇော်က,ကရသည်မက်မူ အချစ်ရေးစိတ်ကူး အောင်မြင်အံ့။

၉။ ဇွဲ၊ ဝီရိယစိုက်၍ အလုပ်လုပ်ရသည်မြင်မက်မူ မနာလိုသူတို့ တီးတိုးစကားပြောအံ့၊ အလုပ်ကောင်းအံ့။

## [ ဈ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဈေးဆိုင်များစွာ မြင်မက်မူ အမြတ်အစွန်းများရအံ့။

၂။ ဈေးဝယ်နေသည် မြင်မက်မူ ကံကောင်းအံ့။

၃။ ဈေးသည် မိမိအိမ်သို့ ခေါ်သည် မြင်မက်မူ ဝင်ငွေတိုးကာ လာဘ်ကောင်းအံ့၊ စိတ်ပျော်ရွှင်ရအံ့။

၄။ ဈာန်ရသည့်လူများကို မြင်မက်မူ အရောင်းအဝယ်ကောင်းအံ့။

၅။ ဈာန်ပျံရသည်မြင်မက်မူ အကြီးအကဲဖြစ်အံ့၊ အောင်မြင်အံ့။

၆။ ဈာန်ရသော ဘုန်းတော်ကြီးကို မြင်မက်မူ အထူးကံကောင်းအံ့၊ မျက်နှာပွင့်အံ့။

၇။ ဈာန်ပျံရထား စီးရသည် မြင်မက်မူ အကြီးအကဲဖြစ်အံ့၊ ထင်ပေါ် ကျော်စောအံ့။

## [ ည ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ညမှောင်ပြီးမှ အလင်းရောင်ပေါ်သည် မြင်မက်မူ ကံကောင်းချိန်ရောက်ပြီဟု မှတ်ယူပါ။

၂။ ညစာစားရသည်ဟုမြင်မက်မူ အိမ်တွင်းရေးအေးအံ့၊ ချစ်သူခင်သူ ပေါများအံ့။

www.burmeseclassic.com

www.burmeseclassic.com



၃။ ညဥ့်ငှက်သံ သာယာစွာ ကြားရသည် မက်မူ ချမ်းသာသုခ ဖြစ်အံ့၊ မိမိလိုအင်ဆန္ဒပြည့်အံ့။

၄။ ညီညာစွာ စွမ်းဆောင်ရသည်မြင်မက်မူ အထင်ကြီးခြင်း ခံရအံ့၊ ပူဇော်ခံရအံ့။

၅။ ညီအစ်ကိုမောင်နှမများကို မြင်မက်မူ ကျန်းမာအံ့၊ ရောဂါ အနာကင်းအံ့။

၆။ ညောင်ရေအိုး မြင်မက်မူ မုချလက်ထပ်ရအံ့၊ ပျားရည်ဆမ်း ချစ်ခရီးထွက်ရအံ့။

၇။ ညောင်ပင်ကို မြင်မက်မူ အသက်ရှည်အံ့၊ ဥစ္စာပစ္စည်း တိုးတက်အံ့။

၈။ ညောင်ရွက်ကိုမြင်မက်မူ သူတော်ကောင်းများက စောင့်ရှောက် အံ့၊ အလွန်ကောင်းအံ့။

၉။ ညောင်ရွက် အိမ်ဦးခန်းကျသည် မြင်မက်မူ ရွှေဆင်းတုတော် ရရှိအံ့၊ ဘုရားကိုးဆူပင့်ရအံ့။

၁၀။ ညည်းညူသံကြားရသည် မြင်မက်မူ ချီးမွမ်းခံရအံ့၊ ရန်သူများ ဒုက္ခရောက်အံ့။

## [ တ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ တောင်ပို့ထက် ခေါင်းဖြီးရသည်ဟု မြင်မက်မူ သူတစ်ပါး တို့၏ ကိုးကွယ်ရာဖြစ်အံ့။

၂။ တောင်ထိပ်၌ နေရသည်ဟု မြင်မက်မူ ပြည်သူ့ဝန်ထမ်း အကြီးအကဲဖြစ်အံ့။

၃။ တောင်အရပ်သို့ သွားရသည်ဟု မြင်မက်မူ ရောဂါ ရအံ့။



၄။ တောင်ကလပ်တက်နေသည်ဟု မြင်မက်မူ လက်ရှိ ရာထူး ထက် မြင့်သောအဆင့်ကို ရအံ့။

၅။ တောင်ဖျားတက်ရသည်ဟု မြင်မက်မူ လာဘ်ကြီးရအံ့။

၆။ တံခွန်လှူရသည်ဟု မြင်မက်မူ ထင်ရှားအံ့။

၇။ တံခွန်လွှားရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။

၈။ တံတားပေါ်လျှောက်ရသည်ဟု မြင်မက်မူ သောကရှိလျက် အလိုပြည့်အံ့။

၉။ တန်ဆာဆင်ရသည်ဟု မြင်မက်မူ သူတစ်ပါး ရှိခိုးခံ ရအံ့။

၁၀။ တန်ဆောင်းညိုဟု မြင်မက်မူ စာတတ်အံ့၊ ထင်ရှားအံ့။

၁၁။ တူရိယာအမျိုးမျိုးတွင် စောင်းမှတစ်ပါး အခြားတူရိယာ တို့ကို တီးရသည်ဟု မြင်မက်မူ မကောင်း။

၁၂။ တလားမှာ ဝင်သည်ကို မြင်မက်မူ သေအံ့။

## [ ထ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ထောပတ်၊ ပျားရည်တို့ကို နှစ်နှစ်သက်သက် မြင်မက်မူ ချမ်းသာအံ့။

၂။ ထောပတ်၊ နို့စသည်တို့ကို ရွံရှာဖွယ်မြင်မက်မူ ဘီလူးဘေး၊ ဝတ်မွတ်ဘေး၊ နာဖျားသောဘေး တွေ့အံ့။

၃။ ထမ်းစင် သံလျှင်းစီးရသည် မြင်မက်မူ လာဘ်ရအံ့။

၄။ ထမ်းစင်ထက် ကျိုးနားသည်ဟု မြင်မက်မူ နာဖျားပျက်စီးအံ့။

၅။ ထမင်းစားရသည်ဟု မြင်မက်မူ လာဘ်ရအံ့၊ ကြောင့်ကြအံ့။

၆။ ထမင်းနှင့်တကွ သပိတ်လွယ်ရသည်ဟု မြင်မက်မူ လာဘ် ရအံ့။

www.burmeseclassic.com

www.burmeseclassic.com



၇။ ထီးဆောင်းရသည်ဟု မြင်မက်မူ စိတ်အေးမြအံ့။
၈။ ထိတ်လန့်သည်ဟု မြင်မက်မူ မကောင်း။
၉။ ထင်းပုံပြိုကျသည်ဟု မြင်မက်မူ မကောင်း။

### [ ဒ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဒွန်းစဏ္ဍားအထက်က နေရသည်ဟု မြင်မက်မူ မကောင်း။
၂။ ဒါနပြုရသည်ဟု မြင်မက်မူ ရာထူးတိုးအံ့၊ စန်းပွင့်အံ့၊ စကားကောင်းပြောအံ့။
၃။ ဒုံးလှေကို မြင်မက်မူ စိတ်ပျော်ရွှင်အံ့။
၄။ ဒေလီယာပန်းပွင့်ကြီးကို မြင်မက်မူ အခြေအရံအသင်းအပင်းများ ပေါများအံ့။
၅။ ဒေလီယာပန်းကြီး ပန်ရသည်ဟု မြင်မက်မူ မုချလက်ထပ်ရအံ့။ စိတ်လွတ်ကိုယ်လွတ် ပျော်ရအံ့။
၆။ ဒန်အိုး၊ ဒန်ခွက်များကို မြင်မက်မူ အိမ်တွင်းသုခ ရအံ့။
၇။ ဒယ်အိုးကို မြင်မက်မူ စိတ်ချမ်းသာရအံ့။
၈။ ဒေါင်းမွေးမြူရသည်ဟု မြင်မက်မူ အိမ်ကျက်သရေတိုးအံ့။

### [ ဓ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဓာတ်တော်ရသည်ဟု မြင်မက်မူ ကျက်သရေတက်အံ့။
၂။ ဓာတ်လုံးနှင့် ပေါက်ရသည်၊ ပစ်ရသည်ဟု မြင်မက်မူ ရန်သူအပေါင်းကို အလွယ်တကူ နိုင်အံ့။
၃။ ဓားသွေးကျောက်ကို မြင်မက်မူ အကြံအစည်များရှိနေအံ့။
၄။ ဓား၊ လှံအရောင်တောက်သည်ဟု မက်မူ ဘုန်းတန်ခိုးကြီးအံ့။
၅။ ဓား၊ လှံ စွဲကိုင်ရသည်ဟု မြင်မက်မူ အသက်ရှည်အံ့။



၆။ ဓား၊ လှံ အရောင်တောက်သည်ကို မြင်မက်မူ ဘုန်းတန်ခိုးကြီးအံ့။
၇။ ဓား၊ လှံ ကိုင်ရသည် မြင်မက်မူ အသက်ရှည်အံ့။
၈။ ဓူဝံကြယ်ကို မြင်မက်မူ အကြံအောင်အံ့။

### [ န ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ နို့အမျိုးမျိုးကိုသောက်သည်ဟု မြင်မက်မူ သူတစ်ပါး ပညာပေးအံ့။
၂။ နို့ညှစ်ရသည်ဟု မြင်မက်မူ ကြွယ်ဝအံ့။
၃။ နို့ကို ရွှေခွက်နှင့်ထည့်၍ သောက်ရသည်ဟု မြင်မက်မူ လာဘ်ရအံ့။ နွားနို့သောက်ရသည်ဟု မြင်မက်မူ သူတစ်ပါးတို့ထက် ကျော်စောအံ့။
၄။ နွားမ,ဖမ်းရသည်ဟု မြင်မက်မူ သူကြီးဖြစ်အံ့။
၅။ နွားရသည်ဟု မြင်မက်မူ ပစ္စည်းဥစ္စာတိုးအံ့။
၆။ နွားစီးရသည်ဟု မြင်မက်မူ ချမ်းသာအံ့။
၇။ နွားကျောင်းရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။
၈။ နွားချေးရေချိုးရသည်ဟု မြင်မက်မူ လာဘ်ရအံ့။
၉။ နတ်ရုပ်၊ ဗိသနိုးရုပ်ကို မြင်မက်မူ အဆွေခင်ပွန်းကောင်းရအံ့။
၁၀။ နတ်ဆေးလိမ်းကျံမြင်မက်မူ ဥစ္စာရအံ့။
၁၁။ နတ်တို့ စကားပြောသည်ဟု မြင်မက်မူ တုန်လှုပ်ပျက်စီးအံ့။
၁၂။ နေဗိမာန်သည် ကြယ်အပေါင်းခြံရံလျက် မြေမှ ကောင်းကင်သို့ ပျံတက်သည်ဟု မြင်မက်မူ ဘုန်းကံသေးငယ်သူတို့ အတုမရှိ ဘုန်းကြီးအံ့။

www.burmeseclassic.com

www.burmeseclassic.com



၁၃။ နေ, လ ကြတ်သည်ဟု မြင်မက်မူ ဘုန်းကျက်သရေ တိုးအံ့။

၁၄။ နေ, လတို့ မွန်းတည့်သည်ဟု မြင်မက်မူ ကြီးစွာသော ချမ်းသာသုခကို ရအံ့။ အမျိုး (၇) ဆက်တိုင် မပျက်နိုင်သော စည်းစိမ်ကို ရအံ့။

၁၅။ နေ,လတို့ကို ရင်ခွင်ပိုက်ရသည်ဟု မြင်မက်မူ ဘုန်းကြီးသော သားကို ရအံ့။ နေအိမ်၊ လအိမ်ဖွဲ့၍ ဝမ်းတွင်းဝင်သည်ဟု မြင်မက်မူ ကောင်းစားအံ့။

၁၆။ နေ၊ လ၊ ကြယ်တို့ကို မြင်ရသည်ဟု မြင်မက်မူ သူတစ်ပါး တို့ထက် မြင့်မားသော ရာထူးရှိသူဖြစ်အံ့။

၁၇။ နေသည် အရှေ့ကထွက်၍ အနောက်သို့ဝင်သည်ဟု မြင်မက်မူ ကမ္ဘာတွင် ထင်ရှားသောပုဂ္ဂိုလ် ပေါ်ပေါက်အံ့။

၁၈။ နေ၊ လတို့ကို ဖက်ရသည်ဟုမြင်မက်မူ ကြွယ်ဝချမ်းသာအံ့။

၁၉။ နေသည် ဝမ်းတွင်းသို့ ဝင်သည်ဟု မြင်မက်မူ သားကောင်း ဖွားအံ့။

၂၀။ နေကြာပန်းပန်၍ ပတ်စည်တီးရသည်ဟု မြင်မက်မူ မင်းဆရာ ဖြစ်အံ့။

၂၁။ နားတွင်းသို့ မစင်ရည်ဝင်သည်ဟု မြင်မက်မူ လာဘ်ရအံ့။

၂၂။ နားပင်းသည်ဟု မြင်မက်မူ သူတစ်ပါး အတင်းပြောအံ့။

၂၃။ နားတွင်းသို့ ဆီသန့်သန့်ဝင်သည်ဟု မြင်မက်မူ နှစ်သက် ဖွယ်ရာ စကားကို ကြားရအံ့။

၂၄။ နှာခေါင်းသွေးယိုထွက်သည်ဟု မြင်မက်မူ သူတစ်ပါး တို့ မိခိုရာဖြစ်အံ့။

၂၅။ နှာခေါင်းလှီးမြင်မက်မူ စည်းစိမ်တိုးပွားအံ့။

၂၆။ နှာခေါင်းပွဲသည်ဟု မြင်မက်မူ စီးပွားဥစ္စာလျှောအံ့။



၂၇။ နှာခေါင်းတွင်းသို့ မကောင်းသောအနံ့ဝင်သည်ဟု မြင်မက်မူ မကောင်းသောအကြံကို ကြံရအံ့။

၂၈။ နှာခေါင်းတွင်းသို့ ကောင်းသောအနံ့ဝင်သည်ဟု မြင်မက်မူ ကောင်းသောအကြံကို ကြံရအံ့။

၂၉။ နှလုံးသားအပြင်ထွက်သည်ဟုမြင်မက်မူ သားသမီး အရပ် တစ်ပါးသို့ ပြောင်းသွားရအံ့။

၃၀။ နဂါးကို ဖမ်းရသည်ဟု မြင်မက်မူ ရန်ပျောက်အံ့။

၃၁။ နမ်းဆီကို သောက်ရသည်ဟု မြင်မက်မူ စိုးရိမ်သောက ကင်းအံ့။

၃၂။ နနွင်း၊ စန္ဒကူးလိမ်းကျံရသည်ဟု မြင်မက်မူ ဖျားနာအံ့။

၃၃။ နန်းတော်အိမ်ကို မီးလောင်သည်ဟု မြင်မက်မူ ရန်အောင်၍ အနာနှိပ်စက်ပျက်စီးအံ့။

၃၄။ နံ့သာမျိုးငါးပါး တစ်ပါးပါးကို နမ်းရှုရသည်ဟု မြင်မက်မူ တစ်နေ့တခြား ဂုဏ်သတင်းထွက်အံ့။

## [ ပ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ပန်းအမျိုးမျိုးတွင် မိမိကြိုက်နှစ်သက်သော ပန်း၏ အနံ့ကို နမ်းရှုရသည်ဟုမြင်မက်မူ ကျက်သရေဂုဏ်သတင်း ပျံ့နှံ့အံ့။

၂။ ပန်းစည်းမြင်မက်မူ ရာထူးရအံ့။

၃။ ပန်းထိုးဆောင်းရသည်ဟု မြင်မက်မူ ကျော်စောအံ့။

၄။ ပန်းနီပန်၍ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ရသည်ဟု မြင်မက်မူ ဘေးထိတတ်အံ့။

၅။ ပန်းကြာပန်ရသည်ဟု မြင်မက်မူ နာဖျားတတ်အံ့။

၆။ ပန်းပန်ရသည်ဟု မြင်မက်မူ ဖျားနာအံ့။

www.burmeseclassic.com

www.burmeseclassic.com



၇။ ပန်းဖြူ ပန်ရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။

၈။ ပြာသာဒ်ထက်၌နေ၍ အစားအစာကို စားရသည်ဟု မြင်မက်မူ အထူးကောင်းမွန်အံ့။ ပြာသာဒ်ထက်မှနေ၍ အရသာအဖျော်ကို သောက်ရသည်ဟု မြင်မက်မူ ချမ်းသာသုခ တစ်နေ့တခြားတိုးအံ့။

၉။ ပြာသာဒ်၊ တောစိုးသစ်ပင်၊ အထိကရသစ်ပင်၊ တောင်တို့ကို တက်စီးရသည်ဟု မြင်မက်မူ ချမ်းသာစီးပွားများအံ့။

၁၀။ ပြာသာဒ်ကြီးကို ပြုရသည်ဟု မြင်မက်မူ ဘုန်းကြီးအံ့။

၁၁။ ပုဆိုးသစ်၊ လုံချည်သစ်ကို မြင်မက်မူ ဘုန်းကျက်သရေ တိုးအံ့။

၁၂။ ပုဆိုးဖြူကို ဝတ်ရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။

၁၃။ ပုဏ္ဏားရေသွန်း၍ စကားပြောသံကြားရသည်ဟု မြင်မက်မူ ရန်သူလက်မှ လွတ်အံ့။

၁၄။ ပုဏ္ဏားကို စွဲလန်းမက်သော် လာဘ်ရအံ့။

၁၅။ ပုခက်စီးရသည်ဟု မြင်မက်မူ ထင်ရှားကျော်စောအံ့။

၁၆။ ပုပ်သော ဆီ၊ ရေတို့ နားတွင်းသို့ ဝင်သည်ဟု မြင်မက်မူ ဒုစရိုက်နှင့်စပ်သော မနှစ်သက်ဖွယ်ကို ကြားရအံ့။

၁၇။ ပျားရည်သောက်ရသည်ဟု မြင်မက်မူ ကြံသမျှ ပြီးစီး၍ လာဘ်ရအံ့။

၁၈။ ပျားတုပ်ခံရသည်ဟု မြင်မက်မူ ရန်တွေ့အံ့။

၁၉။ ပခြုပ်တွင်း၌ မီးလောင်သည်ဟု မြင်မက်မူ လက်အောက်ငယ်သားတို့ တော်လှန်အံ့။

၂၀။ ပွဲခံရသည်ကိုလည်းကောင်း၊ ပွဲလမ်းသဘင်ကိုလည်းကောင်း မြင်မက်မူ မကောင်း၊ သေပျောက်တတ်၏။



၂၁။ ပျဉ်တလားတွင်းသို့ ဝင်ရသည်ဟု မြင်မက်မူ မကောင်း။

၂၂။ ပိတုန်းတုပ်သည်ဟု မြင်မက်မူ ရန်တွေ့အံ့။

၂၃။ ပါးစပ်ပုံ့သည်ဟု မြင်မက်မူ အလိုရှိသောစကားကို မပြောနိုင်ဘဲ ဆွံ့အ,နေအံ့။

၂၄။ ပတ္တမြားရသည်ဟု မြင်မက်မူ သားကောင်း ရအံ့။

## [ ဖ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဖျာလှုပ်သည်ဟု မြင်မက်မူ လာဘ်ရအံ့။

၂။ ဖွဲမီးတငွေ့ငွေ့ကို မြင်မက်မူ အလွန်ပူအံ့။

၃။ ဖိနပ်စီးရသည်ဟု မြင်မက်မူ အသရေတိုးအံ့။

၄။ ဖယောင်းတိုင်ကို မြင်မက်မူ စိတ်ချမ်းသာအံ့။

၅။ ဖယောင်းတိုင် မီးလင်းနေသည်ကို မြင်မက်မူ နတ်ကောင်း နတ်မြတ်တို့ မ,စအံ့။

၆။ ဖရဲသီး မြင်မက်မူ သားကောင်းရအံ့။

၇။ ဖရဲသီးစားရသည် မြင်မက်မူ ရောဂါဝေဒနာ ကင်းရှင်းအံ့။

၈။ ဖောင်တိန်ကို မြင်မက်မူ စာပေ၌ ကျော်စောအံ့။

၉။ ဖောင်တိန်လက်ဆောင်ရသည် မြင်မက်မူ စာပေ၌ အထူးအောင်မြင်ကျော်စောအံ့။

၁၀။ ဖန်ခွက်ရေအပြည့်နှင့်မြင်မက်မူ မင်္ဂလာပွဲများ ခင်ကျင်းရအံ့။

## [ ဗ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဗေဒါပန်းကို မြင်မက်မူ အကြံကောင်းရအံ့။

၂။ ဗေဒင်ဟောသည် မြင်မက်မူ လိုအပ်သော အကူအညီများ ပေးစွမ်းနိုင်သူပေါ်အံ့။

www.burmeseclassic.com

www.burmeseclassic.com



၃။ ဗိုလ်ချုပ်ကြေးရုပ်ကို မြင်မက်မူ ရာထူးတိုးအံ့။ သားကောင်း ရတနာရအံ့။

၄။ ဗျော့သံကြားရသည် မြင်မက်မူ ရာထူးတိုးအံ့။

၅။ ဗျိုင်းငှက်ကို မြင်မက်မူ ဇနီးကောင်း ရအံ့။

၆။ ဗြဟ္မာမင်းကို မြင်မက်မူ လာဘ်ကြီးရအံ့။

## [ ဘ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဘုရားရုပ်တုတော် မိမိဦးခေါင်း၌ တည်ရှိသည်ဟု မြင်မက်မူ အကြီးအကဲတို့ ချီးမြှောက်အံ့။

၂။ ဘုရားရုပ်တုတော် မိမိလက်ဝဲ၊ လက်ယာ ပခုံးတို့၌ တည်ရှိသည်ကို မြင်မက်မူ ကြီးမြင့်သော အခြွေအရံ ပရိသတ် ရအံ့။

၃။ ဘုရားရုပ်တုတော် မိမိခြေရင်း၌ တည်ရှိသည်ဟု မြင်မက်မူ ရှိပြီး အကြီးအကဲသည် ရာထူးသက်လျှော၍ မိမိသည်ပင် အကြီးအကဲဖြစ်အံ့။

၄။ ဘုရားရုပ်ပွားတော် ဖူးတွေ့ရသည်ဟု မြင်မက်မူ တစ်နေ့ တခြား ကျော်စောအံ့။

၅။ ဘုရားရုပ်တုတော် ကြွသွားတော်မူသည်ဟု မြင်မက်မူ ဘုန်းကျက်သရေတိုးအံ့။

၆။ ဘုရားရုပ်တုတော်၊ စေတီတော်၊ ပုထိုးတော်တို့ကို မြင်မက်မူ နတ်ကောင်းနတ်မြတ်တို့ ချစ်အံ့။

၇။ ဘုရားရုပ်တုတော် မကောင်းသော အခြင်းအရာဖြင့် ကြွသွားသည်ကို မြင်မက်မူ ဘုန်းကျက်သရေ တိုးမူ ဆုတ်ယုတ်အံ့။



၈။ ဘုရားရုပ်ပွား၊ စေတီ၊ ပုထိုးကို မကောင်းသောအခြင်းအရာ အားဖြင့် မြင်မက်မူ နတ်ကောင်းနတ်မြတ်တို့ မချစ်ခင်သဖြင့် ဥပါဒ်ရောက်အံ့။

၉။ ဘုရားရုပ်ပွားတော်၊ ဆင်းတုတော် တရားဟောသည်ကို မြင်မက်မူ ကျော်စောအံ့။

၁၀။ ဘုရားရုပ်ပွားတော်၊ ဆင်းတုတော် တရားဟောသည်၊ စကားပြောသည်ကိုကြားရသည်ဟု မြင်မက်မူ ကျော်စောအံ့။

၁၁။ ဘုရားရှိခိုးရသည်ဟု မြင်မက်မူ ချမ်းသာသုခတိုးအံ့။

၁၂။ ဘုရားရုပ်တုတော်ကို ဖက်ရသည်ဟု မြင်မက်မူ ချမ်းသာ သုခများအံ့။

၁၃။ ဘုရားဓာတ်တော်ရသည်ဟု မြင်မက်မူ ကျက်သရေတိုးအံ့။

၁၄။ ဘုရားဓာတ်တော်မြင်ရသည်ဟု မြင်မက်မူ ကျက်သရေ တိုးတက်အံ့။

## [ မ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ မိမိရူးသည်ဟု မြင်မက်မူ လာဘ်ရအံ့။

၂။ မိမိအူကို ထုတ်၍ ပတ်ရသည်ဟု မြင်မက်မူ ဩဇာအာဏာ အရှိန်အဝါကြီးမားအံ့။

၃။ မိကျောင်းဖမ်းသည် မြင်မက်မူ လာဘ်ရအံ့။

၄။ မိကျောင်းစီးရသည် မြင်မက်မူ ရန်သူကို နိုင်အံ့။

၅။ မိကျောင်းစွယ်ကို ရင်ခွင်ပိုက်သည်ဟု မြင်မက်မူ ရာထူး ကြီးအံ့။

၆။ မိကျောင်းသား စားရသည်ဟု မြင်မက်မူ လာဘ်ကြီးအံ့။

၇။ မိန်းမကို ဆွဲရသည်ဟု မြင်မက်မူ ချမ်းသာကြွယ်ဝအံ့။

www.burmeseclassic.com

www.burmeseclassic.com



၈။ မိန်းမနှင့်အတူ အိပ်ရသည်ဟု မြင်မက်မူ လာဘ်ရအံ့။
၉။ မိန်းမကို နားထွင်းရသည်ဟု မြင်မက်မူ ရွှေရအံ့။
၁၀။ မိန်းမအမွေးအမျှင်ရှည်သည်ကို မြင်မက်မူ ချမ်းသာအံ့။
၁၁။ မျက်စိမှိတ်သည်ဟု မြင်မက်မူ အရမ်းကာရော ပြုမိအံ့။
၁၂။ မျက်စိဖွင့်သည်ဟု မြင်မက်မူ ကောင်းကျိုး၊ မကောင်းကျိုးကို မြင်ရအံ့။
၁၃။ မျက်စိကြည်လင်သည်ဟု မြင်မက်မူ ကောင်းသောဉာဏ် တိုးအံ့။
၁၄။ မျက်စိ၌ အမှိုက်ဝင်သည်ဟု မြင်မက်မူ အနိဋ္ဌာရုံကို ရအံ့။
၁၅။ မျက်စိ၌ တိမ်သလ္လာကျသည်ဟု မြင်မက်မူ အသိဉာဏ် နည်းပါးအံ့။
၁၆။ မျက်စိ၌ မျက်ချီးများသည်ဟု မြင်မက်မူ အရှိန်အဝါမဲ့အံ့။
၁၇။ မျက်စိပျက်သည်ဟုမြင်မက်မူ မှားယွင်းသောအယူကိုယူရအံ့။
၁၈။ မျက်စိထွက်သည်ဟုမက်မူ သားသမီးတို့ ထွက်ပြေးတတ်အံ့။
၁၉။ မီးပုံမှ အခိုးအလျှံထွက်သော မီးကို မြင်မက်မူ ပညာရှိ ပေါ်ထွန်းအံ့။
၂၀။ မီးထည့်ရသည်၊ မီးဖုတ်ရသည်၊ မီးရှို့ရသည်၊ မီးတိုက်ရသည် ဟု မြင်မက်မူ ရပ်ရွာအကြီးအကဲဖြစ်အံ့။
၂၁။ မီးတန်ဆောင် ညှိထွန်းရသည်ဟု မြင်မက်မူ ပညာတတ်အံ့။
၂၂။ မီးမှုတ် မက်မူ အကြီးအကဲဖြစ်အံ့။
၂၃။ မီးတငွေ့ငွေ့မြင်မက်မူ စိတ်နှလုံးပူပန်ရအံ့။
၂၄။ မြွေငန်းစီးရသည်ဟု မြင်မက်မူ ရောဂါဖြစ်အံ့။
၂၅။ မြွေကိုက်သည်ကို မြင်မက်မူ လူလိမ်ခံရအံ့။
၂၆။ မြွေကို ခါးပိုက်ပိုက်ရသည်ကို မက်မူ အတွင်းရန်ဖြစ်ပေါ်အံ့။



၂၇။ မြွေခဲသည်ကို မြင်မက်မူ သားသမီးရ၍ အစွဲရှိအံ့။
၂၈။ မြွေခဲသည်ကို မြင်မက်မူ လာဘ်ရအံ့။
၂၉။ မြေစိမ်းကိုက်သည်ကို မြင်မက်မူ လူလိမ်တွေ့ရအံ့။
၃၀။ မြွေပွေး၊ မြွေဟောက်ကိုက်လိုက်သည်ကို မြင်မက်မူ လူဆိုးတို့ လိမ်ရန် လာအံ့။
၃၁။ မြေတူးရသည်ဟု မြင်မက်မူ မကောင်း။
၃၂။ မြေဇာပန်း ပန်ရသည်ဟု မြင်မက်မူ ပညာရှိ ဆရာတစ်ဆူ ဖြစ်အံ့။
၃၃။ မြင်းမိုရ်တောင် ခေါင်းအုံးရသည်ကို မြင်မက်မူ လူအများ ပူဇော်ခြင်းကို ခံရအံ့။
၃၄။ မြင်းမိုရ်တောင်သို့ တက်ရသည်ကိုမြင်မက်မူ လူချစ်လူခင် များအံ့။
၃၅။ မြင့်ရာမှ နိမ့်ကျသည်ဟု မြင်မက်မူ မကောင်း။
၃၆။ မြင့်သောအရပ်ကို တက်ရသည်ဟု မြင်မက်မူ လူတကာ တို့ထက် မြင့်မြတ်ရအံ့။
၃၇။ မန်ကျည်းသီးစားရသည်ဟု မြင်မက်မူ သူကောင်းဖြစ်အံ့။
၃၈။ မိုးရေထဲပျော်ပါးရသည်ဟုမြင်မက်မူ ဥစ္စာစီးပွားများပြားအံ့။
၃၉။ မစင်လိမ်းကျံရသည်ဟု မြင်မက်မူ ပစ္စည်းဥစ္စာရအံ့။
၄၀။ မှိုချက်စားရသည်ကို မြင်မက်မူ လာဘ်ရအံ့။
၄၁။ မြစ်ရေသောက်ရသည်ကို မြင်မက်မူ သူတစ်ပါးတို့အောက် ကျော်စောထင်ရှားအံ့။
၄၂။ မုန်တိုင်းထသည်ကို မြင်မက်မူ ကြောင့်ကြများအံ့။ စိုးရိမ် သောက များအံ့။
၄၃။ မျှော့တွယ်သည်ကို မြင်မက်မူ အကြီးအကဲဖြစ်အံ့။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



၄၄။ မောက်တိုဆောင်းရသည်ကိုမြင်မက်မူ အကြီးအကဲ ဖြစ်အံ့။
၄၅။ မကောင်းသောရေကို သွန်းလာသည်ကို မက်မူ ပျက်စီးအံ့။
၄၆။ မကာရံကို ဖမ်းမက်မူ လာဘ်ရအံ့။

## [ ယ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ယောကျ်ားချင်းသင့်မြတ်၍ ကိုယ်ဝန်ရှိသည်ကို မြင်မက်မူ မကောင်း။
၂။ ယမမင်းကို မြင်မက်မူ အသက်ရှည်အံ့။ အိမ်တွင်းအေးချမ်းအံ့။ မိမိအား စောင့်ရှောက်သူကို ကျေနပ်ဖွယ်တွေ့ရအံ့။
၃။ ယိုးစွပ်ခံရသည်မြင်မက်မူ အကြံအောင်အံ့။ မကောင်းပြောသူများ ပျက်စီးအံ့။ အနီးဆုံးရန်သူများ ဘေးတွေ့ကြအံ့။

## [ ရ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ရွှေကိုဖြစ်စေ၊ ငွေကိုဖြစ်စေ မြင်မက်မူ ယောကျ်ားမှာ မယားကောင်းရအံ့။
၂။ ရွှေရတနာ ပတ္တမြား စသော ရတနာတို့ကို မြင်မက်မူ ကောင်းကျိုးရအံ့။
၃။ ရွှေလက်ဖွဲ့ဝတ်ရသည်ဟုမြင်မက်မူ ယောကျ်ား၌ မယားရအံ့။
၄။ ရွှေဟင်္သာ တရားဟောသည်ကို နာကြားရသည်ဟု မြင်မက်မူ ဘုန်းကျက်သရေတိုးအံ့၊ စိတ်ချမ်းသာအံ့။
၅။ ရွှေလက်ကောက်ဝတ်မက်မူ ကြီးသောသူတို့ ချီးမြှောက်ခံရအံ့။
၆။ ရွှေငွေအား အစိုးရသည်ကို မြင်မက်မူ ချမ်းသာအံ့။
၇။ ရွှေခွက်နှင့်ထည့်၍ ထမင်းစားရသည် မြင်မက်မူ ထိပေါက်အံ့။ (သို့) ကြီးကျယ်သော လာဘ်ရအံ့။



၈။ ရေကြည်ကို မြင်မက်မူ အလွန်စိတ်ချမ်းသာအံ့။
၉။ ရေနောက်ကို မြင်မက်မူ အလွန်စိတ်မချမ်းသာအံ့။
၁၀။ ရေထဲ၌ မြွေ၊ ကင်းတို့ကို မြင်မက်မူ ချမ်းသာရောက်အံ့။
၁၁။ ရေကန်၏အလယ် ကြာထက်၌ နို့ဃနာ စားရသည်ကို မြင်မက်မူ သူတစ်ပါးထက် ကြီးကျယ်မြင့်မြတ်သူဖြစ်အံ့။
၁၂။ ရေသောက်ရသည်ဟု မြင်မက်မူ ဂုဏ်သတင်းတိုးအံ့။
၁၃။ ရေအိုးတွင် လ,ကျသည်ဟု မြင်မက်မူ ဘုန်းတန်ခိုးကြီးအံ့။
၁၄။ ရဟန်းသာမဏေ၊ ရသေ့တို့၏ မကောင်းသော အခြင်းအရာ မြင်မက်မူ သမ္မာဒေဝနတ်တို့ မုန်းသဖြင့် ဥပါဒ်ရောက်အံ့။
၁၅။ ရဟန်း၊ ပုဏ္ဏားနှင့် ကြုံရ မြင်မက်မူ ချမ်းသာအံ့။
၁၆။ ရဟန်း၊ ပုဏ္ဏားနှင့် စကားပြောရ မြင်မက်မူ ချမ်းသာအံ့။
၁၇။ ရဟတ်ကို မြင်မက်မူ မကောင်း။
၁၈။ ရှောက်သီး၊ သံပုရာသီး စားရသည်ကို မက်မူ လာဘ်ရအံ့။
၁၉။ ရထားစီးရသည်ကို မြင်မက်မူ မယားကောင်းရအံ့။
၂၀။ ရုပ်တုကို ဖက်ရသည် မြင်မက်မူ ချမ်းသာကြွယ်ဝအံ့။
၂၁။ ရှုံ့စင်၊ ရှုံ့ထိမက်မူ မကောင်းသတင်း ဖြစ်အံ့။
၂၂။ ရှုံ့ နားပင်မက်မူ ကျက်သရေယုတ်အံ့။
၂၃။ ရယ်စရာပြုမက်မူ ဝမ်းမြောက်စရာကိစ္စဖြစ်အံ့။

## [ လ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ လှေစီးရသည်ကို မြင်မက်မူ ချမ်းသာတိုးအံ့။
၂။ လှေစီးစဉ် ရေနစ်သည်ဟု မြင်မက်မူ ပစ္စည်းဥစ္စာပျက်စီးအံ့။
၃။ လှေစီ လျက် မြစ်ကို ပင်ပန်းစွာ ကူးရသည်ဟု မြင်မက်မူ အရပ်တစ်ပါးပြောင်းပြီး ပြန်ရအံ့။

www.burmeseclassic.com

www.burmeseclassic.com



၄။ လက်နက်ကို ဖက်ရသည်ဟု မြင်မက်မူ ချမ်းသာအံ့။
၅။ လက်ကတုံးတိုင်မ လဲသည်ကို မြင်မက်မူ မယားသေအံ့။
၆။ လက်ကတုံးတိုင်မ လဲသည်ကို မြင်မက်မူ မက်သူ သေအံ့။
၇။ လက်ကတုံးတိုင် လဲသည် မြင်မက်မူ ကိုးကွယ်ထားသော အကြီးအကဲ သေအံ့။
၈။ လူသေကို မြင်မက်မူ စကားဟောင်းပေါ်အံ့။
၉။ လူဦးခေါင်းပြတ်သည်ကို မြင်မက်မူ ရန်အောင်အံ့။
၁၀။ လူသားစားရသည်ကို မြင်မက်မူ အထွတ်အထိပ်သို့ ရောက်အံ့။ လူသားကို ဓားနှင့်လှီး၍ စားရသည်ကို မြင်မက်မူ လူဖြစ်လျှင် အကြီးအကဲဖြစ်အံ့။ ရဟန်းဖြစ်မူ မင်းဆရာ သာသနာပိုင်ဖြစ်အံ့။
၁၁။ လှည်း၊ ပျဉ်၊ တံစဉ်း၊ ဆုံ၊ ချားရဟတ် မြင်မက်မူ သူ မကောင်းကြံတတ်အံ့။
၁၂။ လှည်း၊ ပျဉ်၊ တံစဉ်း၊ ဆုံ၊ ချားရဟတ်ကို မြင်မက်မူ သူ မကောင်းကြံတတ်အံ့။
၁၃။ လှည်းဘီးကို မြင်မက်မူ အကြီးအကဲဖြစ်အံ့။
၁၄။ လက်ကောက်၊ လက်စွပ်၊ ခြေကျင်း ဝတ်ရသည်ဟု မြင်မက်မူ သားကောင်းရအံ့။
၁၅။ လက်ကောက်၊ နားတောင်း၊ ဆံကျင် ဝတ်သည်ကို မြင်မက်မူ ရာထူးရာခံရအံ့။
၁၆။ လက်ကောက်ဝတ်ဆင်မက်မူ သားကောင်းရအံ့။
၁၇။ လက်ကိုလည်းကောင်း၊ ပေါင်ကိုလည်းကောင်း၊ ရင်ကိုလည်းကောင်း ကျော့ကွင်းဖွဲ့ မြင်မက်မူ သားသမီး ရအံ့။



၁၈။ လူတို့၏ အူအချင်းကို စားရသည် မြင်မက်မူ ကြွယ်ဝချမ်းသာအံ့။ လူ၏ဦးခေါင်းကို စားရသည်ကို မြင်မက်မူ ထင်ရှားကျော်ကြားအံ့။
၁၉။ လက်ယာအံသွားတို့ကျိုးသည်ကို မြင်မက်မူ အမျိုးယောကျ်ားတို့၌ ဥပါဒ်ဖြစ်အံ့။
၂၀။ လက်ဝဲအံသွားတို့ ကျိုးသည်ကို မြင်မက်မူ အမျိုးမိန်းမတို့ ဥပါဒ်ဖြစ်အံ့။
၂၁။ လက်စွပ်ဝတ်ရသည်ဟု မြင်မက်မူ သူစွပ်စွဲအံ့။
၂၂။ လက်ဝါးထက် ကြာပန်းရောက်သည်ကို မြင်မက်မူ ကျော်စောအံ့။ လွှားကစားရသည်ကို မြင်မက်မူ မကောင်း။
၂၃။ လည်တို၍ ဦးသျှောင်လှီးမက်မူ နာဖျားတတ်အံ့။
၂၄။ လည်ပင်းတိုသည်ဟု မြင်မက်မူ အနာရောဂါဖြစ်အံ့။
၂၅။ လောက်ဖမ်းရသည်ကို မြင်မက်မူ အစားအသောက် ဆန်စပါးပေါများအံ့။
၂၆။ လက်ယာလက်ချောင်းတို့ ကြီးသည် မြင်မက်မူ အမျိုးသားတို့ ကြီးပွားအံ့။
၂၇။ လက်ဝဲလက်ချောင်းတို့ ကြီးသည် မြင်မက်မူ အမျိုးသမီးတို့ ကြီးပွားအံ့။
၂၈။ လက်ယာလက်သည်း ပုပ်သည် မြင်မက်မူ သား နာဖျားအံ့။
၂၉။ လက်ဝဲလက်သည်း ပုပ်သည် မြင်မက်မူ သမီးနာဖျားအံ့။
၃၀။ လက်သည်းရှည်သည် မြင်မက်မူ အသက်ရှည်အံ့။
၃၁။ လက်ဝဲခြေသည်းပုပ်သည် မြင်မက်မူ အမျိုးသမီး နာဖျားအံ့။
၃၂။ လက်ယာခြေသည်း ပုပ်သည် မြင်မက်မူ အမျိုးသား၌ နာဖျားအံ့။

www.burmeseclassic.com

www.burmeseclassic.com



၃၃။ လက်ယာခြေသည်းပွင့်သည် မြင်မက်မူ အမျိုးသား၌ လာဘ်ရအံ့။ လက်ဝဲခြေသည်း ပွင့်သည် မြင်မက်မူ အမျိုးသမီး၌ လာဘ်ရအံ့။

၃၄။ လက်ယာလက်သည်းပွင့်သည် မြင်မက်မူ သား၌ လာဘ်ရအံ့။ လက်ဝဲလက်သည်း ပွင့်သည် မြင်မက်မူ သမီး၌ လာဘ်ရအံ့။

၃၅။ လက်ယာပေါင်ကြီးသည် မြင်မက်မူ ကိုယ့်အောက် နိမ့်သူ အမျိုးသမီးတို့ ကြီးပွားအံ့။ လက်ဝဲပေါင်ကြီးသည် မြင်မက်မူ ကိုယ့်အောက် နိမ့်သူ အမျိုးသမီးတို့ ကြီးပွားအံ့။

၃၆။ လက်ယာပေါင် ကြုံလှီသည်မြင်မက်မူ ကိုယ့် အောက်ငယ်သူ အမျိုးယောက်ျားတို့ ညှိုးနွမ်းအံ့။ လက်ဝဲပေါင် ကြုံလှီသည် မြင်မက်မူ ဆွေမျိုးမိန်းမတို့ ညှိုးနွမ်းအံ့။

၃၇။ လက်ဝဲပေါင် ပွဲ့သည်ကို မြင်မက်မူ အမျိုးမိန်းမတို့ နာဖျားအံ့။ လက်ယာပေါင်ပွဲ့သည်ကို မြင်မက်မူ အမျိုးသား ယောက်ျားတို့ ကြီးပွားအံ့။

၃၈။ လက်ယာခြေသလုံးကြီးသည် မြင်မက်မူ အမျိုးယောက်ျားတို့ ကြီးပွားအံ့။

၃၉။ လက်ဝဲခြေသလုံးကြီးသည် မြင်မက်မူ အမျိုးမိန်းမတို့ ကြီးပွားအံ့။

၄၀။ လက်ယာခြေသလုံး ကြုံလှီသည် မြင်မက်မူ အမျိုးယောက်ျားတို့ နွမ်းနယ်အံ့။

၄၁။ လက်ဝဲခြေသလုံး ကြုံလှီသည် မြင်မက်မူ အမျိုးမိန်းမတို့ နွမ်းနယ်အံ့။



၄၂။ လက်ယာခြေသလုံးပွဲ့သည် မြင်မက်မူ အမျိုးယောက်ျားတို့ နာဖျားအံ့။ လက်ဝဲခြေသလုံးပွဲ့သည် မြင်မက်မူ အမျိုးမိန်းမတို့ နာဖျားအံ့။

၄၃။ လက်ယာလက်မောင်းကြီးသည် မြင်မက်မူ သား၊ ညီတို့ ကြီးပွားချမ်းသာအံ့။ မြင်မက်သူက မိန်းမဖြစ်မူ သားအကြီး၊ မောင်အကြီးတို့ ကြီးပွားချမ်းသာအံ့။ လက်ဝဲ လက်မောင်း ကြီးသည်ဟု မြင်မက်မူ သမီး၊ နှမတို့ ကြီးပွားအံ့။

၄၄။ လက်ယာလက်ရုံးပွဲ့သည် မြင်မက်မူ ညီ၊ သား နာဖျားအံ့။ မိန်းမမက်မူ မောင်နှင့်သားတို့ နာဖျားအံ့။

၄၅။ လက်ဝဲလက်ရုံး ပွန်းပွဲ့သည်ဟု မြင်မက်မူ နှမ၊ သားသမီးတို့ နာဖျားအံ့။ မိန်းမမက်မူ သမီး၊ ညီမတို့ နာဖျားအံ့။

၄၆။ လက်ယာလက်မောင်းကြုံလှီသည် မြင်မက်မူ ညီနှင့် သားတို့ နာဖျားအံ့။ လက်ဝဲလက်မောင်း ကြုံလှီသည်ကို မြင်မက်မူ နှမနှင့် သမီးတို့ နာဖျားအံ့။

၄၇။ လက်ယာလက်မောင်း သွေးယိုသည်ဟု မြင်မက်မူ ညီ၊ သားတို့ တစ်ရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားရအံ့။

၄၈။ လက်ဝဲလက်မောင်းသွေးယိုသည်ဟု မြင်မက်မူ ညီမ၊ သမီးတို့ တစ်ပါးတစ်ပါးသို့ ပြောင်းရွှေ့သွားရအံ့။

၄၉။ လက်ယာဘက် လက်ငါးချောင်းတွင် တစ်ချောင်းကြီးသည် မြင်မက်မူ သားနှင့်ညီတို့၏ သားသမီးများ ကြီးပွားအံ့။

၅၀။ လက်ဝဲဘက် လက်ငါးချောင်းတွင် တစ်ချောင်းကြီးသည် မြင်မက်မူ သမီးနှင့်ညီမတို့၏ သားသမီးများ ကြီးပွားအံ့။

၅၁။ လက်ယာလက်ချောင်း ပွန်းပွဲ့သည်ဟု မြင်မက်မူ သားနှင့်ညီတို့၏ သားသမီးများ နာဖျားအံ့။

www.burmeseclassic.com

www.burmeseclassic.com



၅၂။ လက်ဝဲလက်ချောင်း ပွန်းပဲ့သည်ဟု မြင်မက်မူ သမီးနှင့်ညီမ တို့၏ သားသမီးများ နာဖျားအံ့။

၅၃။ လက်ယာလက်ချောင်း ပြတ်သည်ဟု မြင်မက်မူ သားနှင့်ညီ တို့၏ သားသမီးများ ပျက်စီးအံ့။ လက်ဝဲလက်ချောင်းပြတ် သည်ဟုမက်မူ သမီးနှင့်ညီမတို့၏ သားသမီးများ ပျက်စီးအံ့။

၅၄။ လက်ယာနား ကြီးသည်ဟု မြင်မက်မူ ဆွေရင်းမျိုးရင်း မိတ်ဆွေတို့ ကြီးပွားအံ့။ လက်ဝဲနား ကြီးသည်ဟု မြင်မက်မူ ဆွေရင်းမျိုးရင်း မိတ်ဆွေတို့ ညိုးနွမ်းအံ့။

၅၅။ လဲသည်ဟု မြင်မက်မူ တရားရှုံးအံ့။

၅၆။ လေးမျက်နှာမှလာ၍ ခိုးသူကို ဖမ်းမက်မူ ချမ်းသာအံ့။

၅၇။ လိပ်၊ ငါး စားရသည်ကို မြင်မက်မူ စပါးဆန်ရေ အစား အစာ ပေါကြွယ်ဝအံ့။

၅၈။ လိပ်ဥ၊ ဖွတ်ဥမှစ၍ ဥမျိုးမှန်သမျှ စားသည်ကို မြင်မက်မူ ဆင်းရဲသော်လည်း ကြွယ်ဝချမ်းသာအံ့။

၅၉။ လိပ်၊ ငါး ဖမ်းရသည် မြင်မက်မူ ဆန် စပါး ရအံ့။

၆၀။ လိင်တိုသည်ကို မြင်မက်မူ မယားအနိုင်ကျင့်ခံရအံ့။

၆၁။ လယ်၌ ကြာရောက်သည်၊ ကြာပေါက်သည်ကို မြင်မက်မူ အများ၏ ခေါင်းဆောင်ဖြစ်အံ့။

## [ ဝ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဝက်ပက်ခြင်းကို မြင်မက်မူ ခိုက်ရန်ဖြစ်အံ့။

၂။ ဝက်ပက်ခံရသည် မြင်မက်မူ မကောင်း။

၃။ ဝက်ကို ခြံလှောင်သည်ဟု မြင်မက်မူ ကျော်စောအံ့။

၄။ ဝက်ရူးပြန်မက်မူ ရန်သူရောက်အံ့။



၅။ ဝမ်းတွင်းသို့ ငါးဝင်မည်ဆိုသော အသံကို ကြားရသည်ဟု မြင်မက်မူ သားကောင်းရအံ့။

၆။ ဝမ်းမြောက်ဝမ်းသာ မြင်မက်မူ ကောင်းစားအံ့။

၇။ ဝတ်ဖြူစင်ကြယ်ဝတ်ရ မြင်မက်မူ ချမ်းသာကြွယ်ဝအံ့။

၈။ ဝရမ်းဖမ်းမက်မူ လာဘ်ကြီးရအံ့။

## [ သ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ သွေးကို ရေချိုးရသည်ဟု မြင်မက်မူ ချမ်းသာအံ့။

၂။ သွေးပေါက်ယိုစီးသည်ဟု မြင်မက်မူ ဘုန်းကြီးအံ့။

၃။ သွေးကိုလည်းကောင်း၊ မြေပြင်၌ လက်နက်တိုက်ကိုလည်း ကောင်း၊ မြူတိမ်ကင်းသော ကောင်းကင်ကိုလည်းကောင်း၊ ခြသေ့်ကိုလည်းကောင်း၊ နန်းပြာသာဒ်ကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ပုဏ္ဏားကိုလည်းကောင်း မြင်မက်မူ ချမ်းသာအံ့။

၄။ သမုဒ္ဒရာကို ရေကူးရသည်ကိုမြင်မက်မူ တိုင်းပြည်ခေါင်းဆောင် ဖြစ်အံ့။

၅။ သမုဒ္ဒရာ၌ အိပ်ရာပြု၍ မိန်းမပေါင်းခြံရံလျက် ကာမဂုဏ် ခံစားရသည်ကို မြင်မက်မူ မင်းစိုးရာဇာဖြစ်အံ့

၆။ သမုဒ္ဒရာရေကို သောက်ရသည်မြင်မက်မူ အလွန်ကျော်စော ထင်ရှားအံ့။

၇။ သားသမီးရသည် မြင်မက်မူ ချမ်းသာအံ့။

၈။ သားငါးစားရ၊ မိကျောင်းစားရ မြင်မက်မူ လာဘ်ကြီးအံ့။

၉။ သစ်သီးစားရသည်၊ မြိန်သောအရသာကို စားရသည်ကို မြင်မက်မူ လာဘ်ကြီးအံ့။

www.burmeseclassic.com

www.burmeseclassic.com



၁၀။ သစ်သီးလွယ်ပိုးရသည်ဟု မြင်မက်မူ ကောင်းအံ့။
၁၁။ သူတောင်းစားကို မြင်မက်မူ စစ်သည်ဗိုလ်ပါဖြစ်အံ့။
၁၂။ သူကောင်းကို ချီရသည်ကို မြင်မက်မူ လာဘ်ရအံ့။
၁၃။ သူငယ်ကို ချီရသည် မြင်မက်မူ လာဘ်ရအံ့။
၁၄။ သူတစ်ပါး သားမယားကို ကျူးလွန်သည်ဟု မြင်မက်မူ မကောင်း၊ ဖျားနာအံ့။ သူတစ်ပါးကို စည်းတား ကန့်ကွက်ရသည်ဟု မြင်မက်မူ မကောင်း။
၁၅။ သူခိုးကို ခုတ်ဖြတ်ရသည် မြင်မက်မူ အန္တရာယ်ပျောက်အံ့။
၁၆။ သူ့မျက်စိ၊ သူ့ဦးခေါင်းထုတ် မြင်မက်မူ စည်းစိမ်ဥစ္စာများအံ့။
၁၇။ သာယာသောအသံကို ကြားရသည်ဟု မြင်မက်မူ စိတ်ချမ်းသာ၍ သတင်းကောင်းကြားရအံ့။
၁၈။ သပိတ်၊ ပရိက္ခရာတို့ကို မြင်မက်မူ လာဘ်ရအံ့။
၁၉။ သေရည်သေရက် သောက်ရသည်ဟု မြင်မက်မူ ကြောင့်ကြများအံ့။
၂၀။ သေသူထသည်မြင်မက်မူ စကားဟောင်းပေါ်အံ့။
၂၁။ သင်္ဘောစီးရသည်ဟု မြင်မက်မူ သူတစ်ပါးထက် မြတ်အံ့။ ယောကျ်ားမက်မူ မယားရအံ့။ မိန်းမမက်မူ လင်ရအံ့။
၂၂။ သွားနာသည်၊ နဲ့သည်၊ ယိုင်သည် မြင်မက်မူ ဥစ္စာလျှော့အံ့၊ ဖျားနာအံ့။
၂၃။ သိန္ဓောမြင်းကို ရသည်ဟု မြင်မက်မူ အသက်ရှည်အံ့။ ။

## [ ဟ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ ဟင်္သာငှက်နှင့် သူရဿတီ မယ်တော်အား မြင်မက်မူ ကောင်းကျိုးပေးအံ့။
၂။ ဟင်းမျိုးစုံစားရသည်မက်မူ ဝမ်းရေးအတွက် စိတ်အေးရအံ့။



၃။ ဟော်နန်းဆောင်ကို မြင်မက်မူ သာယာအေးချမ်းစွာ နေရအံ့။
၄။ ဟောက်သံကြားရသည် မြင်မက်မူ စားဝတ်နေရေး အဆင်ပြေအံ့။
၅။ (ကျား)ဟိန်းသံ ကြားရသည် မြင်မက်မူ အကြံပေးသူဖြစ်အံ့။

## [ အ ] နှင့် ပတ်သက်သော အိပ်မက်များ

၁။ အိမ်ကို ဆူးရံသည်ဟု မြင်မက်မူ (သို့မဟုတ်) စည်းစောင်ရမ်း ကာရံသည်ဟု မြင်မက်မူ ချမ်းသာအံ့။
၂။ အိမ်စောင်း၍ သွားသည်ဟု မြင်မက်မူ ဖရိုဖရဲ အရှက်ကွဲအံ့။ အိမ်ပြိုသွားသည်ဟု မြင်မက်မူ အိမ်ရှင်တို့ အရှက်ရ၍ အကျိုးမဲ့အံ့။
၃။ အိမ်ရှိသည့်အရပ်၌ လဟာပြင်ကွင်းအထိ မြင်မက်မူ ၎င်းအရပ်၌ မီးလောင်အံ့။ အိမ်၌ ထင်းပေါက်ရသည်ဟု မြင်မက်မူ မိုးကြိုးကျအံ့။
၄။ အိမ်မီးလောင်သည်ဟု မြင်မက်မူ ဘေးရောက်အံ့။
၅။ အိမ်ပြို၊ ဘုရားပြို၊ သစ်ပင်ကျိုးသည်ကို မြင်မက်မူ ဘေးရောက်အံ့။ အိမ်ဝန်းကျင်၌ မှိုပေါက်သော် မိုးကြိုးကျအံ့။
၆။ အိမ်ဝင်းထဲ၌ ဆင်၊ မြင်း၊ နွား သွားသည်ကို မြင်မက်မူ ကောင်းကျိုးရအံ့။ အိမ်ခေါင်မိုးသို့တက်၍ ရေသောက်ရသည်ဟု မြင်မက်မူ အကြီးအကဲဖြစ်အံ့။
၇။ အိမ်တွင် ခရမ်းပင်စိုက်သည်ဟု မြင်မက်မူ မကောင်း။
၈။ အိမ်သစ်ထက်၌ စောင်းတီးသည်ဟု မြင်မက်မူ မင်းဆရာဖြစ်အံ့။

www.burmeseclassic.com

www.burmeseclassic.com



၉။ အိမ်ရာထောင်ရသည်ဟု မြင်မက်မူ လာဘ်ရအံ့။

၁၀။ အုန်းသီး၊ ထန်းသီးကို မြင်မက်မူ လာဘ်ရအံ့။

၁၁။ အုန်းသီး၊ ထန်းသီးကို စားရသည်ဟု မြင်မက်မူ လာဘ်ရအံ့။

၁၂။ အေးယှာဉ်စီးရသည်ဟူ၍လည်းကောင်း၊ ဝက် စီးရသည်ဟူ၍ လည်းကောင်း မြင်မက်မူ သေအံ့။

၁၃။ အိုးမည်းလိမ်းကျံရသည်ဟု မြင်မက်မူ မကောင်း။

၁၄။ အိုးလည်ပြတ်သည်ကို မြင်မက်မူ မကောင်း။

၁၅။ အဝတ်မည်းကို မက်သော သတို့သမီးသည် မည်းသော ပန်းကို ပန်လျက် တစ်စုံတစ်ခု စွဲကိုင်သည်ကို မြင်မက်မူ သေပျောက်တတ်အံ့။

၁၆။ အဝတ်ရွှေရောင်ဝတ်သော အမျိုးသမီးသည် ရွှေရောင်ပန်းကို ပန်လျက် တစ်စုံတစ်ရာစွဲကိုင်သည်ကိုမြင်မက်မူ ရာထူးကြီးကို ရအံ့။ အဝတ်ဖြူဝတ်သော အမျိုးသမီးသည် ဖြူသော ပန်းကို ပန်လျက် တစ်စုံတစ်ရာကိုကိုင်သည်ကို မြင်မက်မူ ကြီးပွားတိုးတက်အံ့။

၁၇။ အရှုးလှည့်ပတ်ခံရသည်ဟု မြင်မက်မူ သွားလေရာ အရပ်တိုင်း လာဘ်ရအံ့။

၁၈။ အနှိပ်စက်ခံရသည်ဟု မြင်မက်မူ ဘေးတွေ့အံ့။

၁၉။ အစွယ်ရှိသောသတ္တဝါ၊ ဦးချိုရှိသောသတ္တဝါနှင့် မျောက်၊ ဝက်တို့၏ အနှိပ်စက်ခံရသည်ဟု မြင်မက်မူ ရာဇဝတ်သင့်အံ့။

၂၀။ အဆင်းလှသော ဦးပြည်းကတုံးမိန်းမနှင့် ကာမစပ်ယှက်သည်ဟုလည်းကောင်း၊ ထိပါးရသည်ဟုလည်းကောင်း မြင်မက်မူ ယောက်ျားမြတ်တို့၏ ဆရာခံရ၏။



၂၁။ အထက်ရွေ့သွားကျိုးသည်ဟု မြင်မက်မူ သားဓ္ဒ ဥပါဒ်ဖြစ်အံ့။

၂၂။ အယူမှားသော သူကို မြင်မက်မူ မိစ္ဆာနတ် နှောင့်ယှက်တတ်အံ့။ အလိုမတူသူနှင့် ပေါင်းဖော်ရသည်ဟု မြင်မက်မူ သေတတ်အံ့။

၂၃။ အရပ်လေးမျက်နှာ လူသူလေးပါးလာသည်ဟု မြင်မက်မူ လာဘ်ရအံ့။ အလွန်ကြီးသော ကျွဲ၊ နွား မြင်မက်မူ အလွန်ကောင်းအံ့။

၂၄။ အပုပ်အစပ်ကို မြင်မက်မူ လာဘ်ရအံ့။

၂၅။ အရှုအပြင်ထွက်သည်ဟု မြင်မက်မူ ကျော်စောအံ့။

၂၆။ အောက်ရွေ့သွားကျိုးသည်ဟု မြင်မက်မူ မကောင်း။

၂၇။ အသီးရှိသော သစ်ပင်သို့ တက်ရသည်ဟု မြင်မက်မူ ချမ်းသာအံ့။

၂၈။ အသီးရှိသော သရက်ပင်၊ ဥသျှစ်ပင်တို့ကို မြင်မက်မူ ဥစ္စာတိုးပွားအံ့။

၂၉။ အုတ်ခဲပစ်သည်ဟု မြင်မက်မူ အမှုရောက်အံ့။ တစ်နည်း– မြင့်မြတ်အံ့။

၃၀။ အခိုးအလျှံတောက်သော မီးပုံကို မြင်မက်မူ လာဘ်ရအံ့။

၃၁။ အသံသည်းစွာ ငိုကြွေးရ မြင်မက်မူ ထင်ရှားအံ့။ စည်းစိမ်များအံ့။

၃၂။ အနှောင်အဖွဲ့ မြင်မက်မူ ဥစ္စာရအံ့။ အမှုများ မြင်မက်မူ အလွန်ကောင်းအံ့။

www.burmeseclassic.com

www.burmeseclassic.com



၃၃။ အပုပ်စားမြင်မက်မူ လာဘ်ရအံ့။ ၎င်းအပုပ်စားပြီး အန်မက်မူ မကောင်း။

၃၄။ ဥအမျိုးမျိုးစားရသည်ဟုမြင်မက်မူ ဆင်းရဲသူပင် ကြွယ်ဝအံ့။

၃၅။ ဥဗျိုင်းဝန်းရံသည်ဟု မြင်မက်မူ သူတစ်ပါး အပူဇော်ခံရအံ့။

၃၆။ ဥဒေါင်းသံကို ကြားရသည်ဟု မြင်မက်မူ သတင်းကောင်း ကြားရအံ့။

၃၇။ ဥယျာဉ်ခြံတို့ကို မြင်မက်မူ လာဘ်ရအံ့။

၃၈။ ဦးထုပ်ဆောင်းရသည်ဟု မြင်မက်မူ ချမ်းသာအံ့။

၃၉။ ဦးခေါင်းထက်၌ ကြာညိုရောက်သည်ဟု မြင်မက်မူ မယားကောင်း ရအံ့။

၄၀။ ဦးခေါင်းပိုရသည်ဟု မြင်မက်မူ နာဖျားတတ်အံ့။

၄၁။ ဦးခေါင်းပြတ်သည်ဟု မြင်မက်မူ သေတတ်အံ့။

၄၂။ ဦးခေါင်းရှည်သည်ဟု မြင်မက်မူ ဆွေမျိုးရောက်အံ့။

၄၃။ ဦးခေါင်းကြီးသည်ဟု မြင်မက်မူ မိဘ၊ ဆရာသမားတို့ ကြီးပွားခြင်းသို့ ရောက်အံ့။

၄၄။ ဦးခေါင်းပွန်းပဲ့သည်ဟု မြင်မက်မူ မိဘ၊ ဆရာသမားတို့ နာဖျားအံ့။ ဦးခေါင်း၌ ခေါင်းပေါင်း၊ မကိုဋ်ဆင်ရသည်ဟု မြင်မက်မူ ကြီးမြတ်သောသူတို့၏ ချီးမြှင့်ခြင်းကို ခံရအံ့။

၄၅။ ဦးခေါင်းကွဲသည်ဟု မြင်မက်မူ မကောင်း။

၄၆။ ဦးခေါင်းရှည် မြင်မက်မူ ဆွေမျိုးရောက်အံ့၊ ပြန့်ပွားအံ့။

●●●

## ကောသလမင်း အိပ်မက် (၁၆) ချက်

၁။ နွားနက် လေးခု ဝှေ့မူဟန်ပြင်၊
မဝှေ့ကြဘဲ ရှောင်လွှဲသည်မြင်၊
အရှေ့၊ အနောက်၊ တောင်၊ မြောက် မိုးဆင်၊
ခြိမ်းသံပေး မိုးဝေးလွင့်ပျောက်စင်

၂။ မြေက မကြွ ငယ်လှသစ်ပင်။
ဖူးငုံရင့်ပြီး ပွင့်သီးတွေမြိုင်၊
အရွယ်မမှီ ပျိုမ မယ်ခင်၊
သမီးသား လင်သား အိမ်ထောင်ချင်။

၃။ ယနေ့ဖွားစ နွားမနို့သာ၊
မိခင်နွားကြီး စို့ပြီးနေရှာ၊
သမီးနှင့်သား စီးပွားပိုင်ရှာ၊
မိနှင့်ဘ ကျွေးမှ စားရမှာ။

၄။ နွားကြီးမကြိုက် ဝင်တိုက်နွားငယ်၊
မရုန်းနိုင်ဘဲ ဝပ်လဲနေတယ်၊
ကြီးသူဖယ်ရှား မြှောက်စားလူငယ်၊
တိုင်းပြည်ရေး ရှုပ်ထွေးပွေတော့မယ်။

၅။ ခံတွင်းနှစ်ခု များလှရာဇာ၊
ကျွေးကျွေးသမျှ မဝနိုင်ပါ၊
မှူးမတ်မင်းစိုး လာဘ်ထိုးသူရှာ၊
နှစ်ဖက်စား တရားစီရင်မှာ။

၆။ ရွှေအိုးထံဆက် ရွှေခွက်သိန်းတန်၊
ကျင်ငယ်အမြဲ ခွက်ထဲစွန့်ပြန်၊
မျိုးမြတ်သမီး ပစ္စည်းမက်ဟန်၊
အမျိုးယုတ် လင်လုပ် ပေါင်းဖက်သံ။

www.burmeseclassic.com

www.burmeseclassic.com



၇။ ရှေ့ကကျစ်ချ လွန်စကြိုးကို၊
ခွေးမ ခိုးစား ကိုက်ဝါးကာမျို၊
လင်ကြီးပစ္စည်း သိမ်းဆည်းမသို၊
လင်မြှောက်အား မယားလောကွတ်ပို၊

၈။ အိုးငယ်ချည်နီး အိုးကြီးရေလျှံ၊
အိုးကြီးကိုပဲ ရေဆွဲလောင်းပြန်၊
ဆင်းရဲသူများ ဝတ်စားမကျန်၊
အခွန်တွက် နှိပ်စက်ငွေတောင်းခံ။

၉။ ကြာမျိုးငါးဝ ပွင့်ကြ ရေကန်၊
ရေလယ်နောက်လျက် ကမ်းဘက်ကြည်ပြန်၊
မြို့တွင်းပွေရှုပ် ခွန်တုတ်ကောက်ခံ၊
မြို့ပြင်ထွက် ပြည့်နှက်စည်ကားရန်။

၁၀။ တစ်အိုးတည်းချက် အကျက်မညီ၊
ထမင်းမာဆတ် ပျော့နပ်သုံးလီ၊
မင်းကျင့်လူများ တရားမမှီ၊
မိုးသုံးစား ကွက်ကြားရွာချမည်။

၁၁။ မွေးပျံ့နံ့ကြူး စန္ဒကူးသိန်းတန်၊
ပုန်းရည်နှင့်လဲ သုံးစွဲခါပြန်၊
အလဇ္ဇီများ တရားဖိုးတန်၊
ငွေနှင့်ပုလဲ အမြဲဟောမည်မှန်။



၁၂။ သံကြေးမပေါင်း ဘူးပေါင်းဘူးအုံ၊
ရေတွင်စုပ်စုပ် နစ်မြုပ်လုံးစုံ၊
ပညာရှိများ စကားဥသုံ၊
ပြောသမျှ လောက မသုံးကုန်။

၁၃။ အိမ်လုံး တောင်လုံး ကျောက်တုံးကျောက်ဖျာ၊
ရေမှာဘွားဘွား ထင်ရှားပေါ်လာ၊
ရဟန်းရှင်ဆိုး လူဆိုးများသာ၊
ဂုဏ်ရောင်တိုး တန်ခိုးပေါ်ထွက်သာ။

၁၄။ အဆိပ်ပြင်းတောက် မြွေဟောက်ကြီးကို၊
ဖားငယ်မက ကိုက်ဝါးကာမျို၊
ကညာယူထား သက်ကြားဖိုးအို၊
မယားဆဲ အမြဲအော်ငေါက်ဆို။

၁၅။ အဆင်းမည်းနက် ကျီးငှက်ထံမှာ၊
ရွှေဟင်္သာများ ခစားနေပါ၊
ပညာသီလ ပြည့်ဝသူဟာ၊
သူယုတ်အား ဝပ်တွားနေရမှာ။

၁၆။ ဆိတ်ကိုမြင်ပြား ကြောက်အားပြင်းထန်၊
ခြင်္သေ့, သစ်, ကျား ခုန်လွှားပြေးပြန်၊
သူယုတ်မာများ ထောင်လွှားနိုင်ငံ၊
သူတော်ကောင်း ပုန်းအောင်း တောမြိုင်ယံ။

**(ကောသလ အိပ်မက် တစ်ဆယ့်ခြောက်ချက် ပြီး၏။)**

www.burmeseclassic.com

www.burmeseclassic.com



## အသားလှုပ်နိမိတ်ကျမ်း

### လက်ဝဲ,လက်ယာမဟုတ်သော အသားလှုပ်နိမိတ်အဟော

၁။ ကျောကုန်းလှုပ်မှု အဝတ်ရမည်။
၂။ ကိုယ်လှုပ်မှု မယားနှင့်အတူ စကားဆိုရမည်။
၃။ ခါးလှုပ်မှု ဥစ္စာပျောက်မည်။
၄။ ချက်လှုပ်မှု နှစ်လိုဖွယ်သော ဥစ္စာကို ရမည်။
၅။ ထိပ်လှုပ်မှု မင်းပူဇော်ခံရမည်။
၆။ နှာခေါင်းလှုပ်မှု ချစ်သူများမည်။
၇။ နှလုံးသားလှုပ်မှု ခင်ပွန်းကောင်းတစ်ယောက် ဥစ္စာပေးလာမည်။
၈။ မေးဖျားလှုပ်မှု အချင်းများမည်။
၉။ လည်ပင်းလှုပ်မှု တန်ဆာဆင်ရမည်။
၁၀။ အထက်နှုတ်ခမ်းလှုပ်မှု ရန်ဖြစ်မည်။
၁၁။ အောက်နှုတ်ခမ်းလှုပ်မှု အဝေးစကားပြောကြားရမည်။
၁၂။ အင်္ဂါဇာတ်လှုပ်မှု မယားနှင့် စကားများမည်။ ဥစ္စာရမည်။
၁၃။ ဦးခေါင်းလှုပ်မှု ကျွန်ဖြစ်မည်။
၁၄။ ဦးရေလှုပ်မှု နာဖျားမည်။

### လက်ယာ အသားလှုပ်နိမိတ်အဟော

၁။ လက်ယာဦးကင်းလှုပ်မှု လာဘ်ရမည်။
၂။ လက်ယာမျက်ခုံးလှုပ်မှု လာဘ်ရမည်။ ခင်ပွန်းပူဇော်မည်။
၃။ လက်ယာအောက် မျက်ခမ်း လှုပ်မှု ချစ်သူတွေ့မည်။ ရန်တွေ့မည်။
၄။ လက်ယာနားလှုပ်မှု မျက်လိုရမည်။ မိန်းမ မကောင်းကြံခြင်း ခံရမည်။
၅။ လက်ယာနှုတ်ခမ်းလှုပ်မှု ချစ်သူနှင့် စကားပြောရမည်။
၆။ လက်ယာပါးလှုပ်မှု ချစ်သူကို တွေ့ရမည်။
၇။ လက်ယာလက်ပြင်လှုပ်မှု ထင်ရှားမည်။
၈။ လက်ယာပခုံးလှုပ်မှု မိန်းမကောင်းရမည်။
၉။ လက်ယာချိုင်းလှုပ်မှု ချမ်းသာမည်။
၁၀။ လက်ယာလက်ရုံးလှုပ်မှု ခင်ပွန်းကောင်းတွေ့မည်။
၁၁။ လက်ယာလက်ဝါးလှုပ်မှု အဝတ်အစားရမည်။ အကြံအစည်ပြီးမည်။
၁၂။ လက်ယာရင်ဘတ်လှုပ်မှု ကောင်းမည်။
၁၃။ လက်ယာနို့လှုပ်မှု လာဘ်ရမည်။
၁၄။ လက်ယာနံစောင်းလှုပ်မှု ပူဇော်ခံရမည်။
၁၅။ လက်ယာခါးလှုပ်မှု အဆွေခင်ပွန်းထံမှ ဥစ္စာရမည်။
၁၆။ လက်ယာဝမ်းပျဉ်းလှုပ်မှု အစားကောင်း စားရမည်။
၁၇။ လက်ယာဦးစပ်လှုပ်မှု ပူဇော်ခံရမည်။
၁၈။ လက်ယာလက်သန်းလှုပ်မှု အမိမျက်မည်။
၁၉။ လက်ယာပေါင်သားလှုပ်မှု လိုရာ ပြည့်စုံမည်။ မယားရမည်။
၂၀။ လက်ယာပုဆစ်လှုပ်မှု ချစ်သူတွေ့မည်။
၂၁။ လက်ယာမြင်းခေါင်းလှုပ်မှု ကောင်းစားမည်။
၂၂။ လက်ယာခြေဖဝါးလှုပ်မှု ခရီးသွားရမည်။

www.burmeseclassic.com

www.burmeseclassic.com



## လက်ဝဲ အသားလှုပ်နိမိတ်အဟော

၁။ လက်ဝဲဦးကင်းလှုပ်မူ မကောင်းသတင်းကြားရမည်။
၂။ လက်ဝဲမျက်ခုံးလှုပ်မူ ကြံတိုင်းပြီးမည်။ မိတ်ဆွေကောင်းတွေ့မည်။
၃။ လက်ဝဲအောက်မျက်ခမ်းလှုပ်မူ ငိုရမည်။
၄။ လက်ဝဲနားလှုပ်မူ လာဘ်ရမည်။ သူ နှစ်လိုမည်။
၅။ လက်ဝဲပါးလှုပ်မူ ရွှေငွေရမည်။
၆။ လက်ဝဲနှုတ်ခမ်းလှုပ်မူ အဝေးစကားကြားရမည်။ မျက်လိုရမည်။
၇။ လက်ဝဲပခုံးလှုပ်မူ ဥစ္စာပို့လာမည်။ အစားပေါမည်။ မျက်လိုရမည်။
၈။ လက်ဝဲချိုင်းလှုပ်မူ ဥစ္စာပေးလာမည်။
၉။ လက်ဝဲလက်ဝါးလှုပ်မူ အမှုအောင်မည်။
၁၀။ လက်ဝဲရင်ဘတ်လှုပ်မူ အပူရှိမည်။
၁၁။ လက်ဝဲနို့လှုပ်မူ မိတ်ဆွေတွေ့ရမည်။
၁၂။ လက်ဝဲနံတောင်းလှုပ်မူ မင်းပူဇော်ခံရမည်။
၁၃။ လက်ဝဲခါးလှုပ်မူ ဥစ္စာပျောက်မည်။
၁၄။ လက်ဝဲဝမ်းပျဉ်းလှုပ်မူ လာဘ်ရမည်။
၁၅။ လက်ဝဲဆီးစပ်လှုပ်မူ အမိမျက်မည်။
၁၆။ လက်ဝဲတင်သားလှုပ်မူ အိမ်တွင်းသူနှင့် မျက်လိုရမည်။
၁၇။ လက်ဝဲမြင်းခေါင်းလှုပ်မူ မိန်းမနှင့် မျက်လိုရမည်။
၁၈။ လက်ဝဲဒူးဆစ်လှုပ်မူ သူ ကြံစည်မည်။
၁၉။ လက်ဝဲဖဝါးလှုပ်မူ ထဘီဝတ်ချမ်းသာမည်။



## ပျားစွဲအဟော

၁။ ပျားသည် အရှေ့ဘက်မှ လာ၍စွဲမူ စီးပွားပျက်တတ်သည်။
၂။ ပျားသည် အနောက်ဘက်မှ လာ၍စွဲမူ လာဘ်ရတတ်သည်။
၃။ ပျားသည် တောင်ဘက်မှ လာ၍စွဲမူ သောကရောက်တတ်သည်။
၄။ ပျားသည် မြောက်ဘက်မှ လာ၍စွဲမူ ံ ၂ားပျက်တတ်သည်။ ပျားသည် အရှေ့မြောက်မှ လာ၍စွဲမူ အများအပူဇော်ခံရတတ်သည်။
၅။ ပျားသည် အရှေ့တောင်ဘက်မှ လာ၍စွဲမူ အကြံအစည်အောင်တတ်သည်။ ပျားသည် အနောက်မြောက်မှ လာ၍စွဲမူ ဥစ္စာပစ္စည်းတိုးပွားတတ်သည်။
၆။ ပျားသည် အနောက်တောင်မှ လာ၍စွဲမူ ဘေးတွေ့တတ်သည်။ ပျားသည် အိမ်၏အောက်ပိုင်းမှ လာ၍စွဲမူ စီးပွားတိုးတက်တတ်သည်။
၇။ ပျားသည် လှေကားအောက်၌ လာ၍စွဲမူ ပျက်စီးတတ်သည်။ ပျားသည် အိမ်သာ၌ လာ၍စွဲမူ သောကရောက်တတ်သည်။
၈။ ပျားသည် အိမ်တံခါး၌ လာ၍စွဲမူ လာဘ်ရတတ်သည်။
၉။ ပျားသည် ပုဆိုးအဝတ်၌ လာ၍စွဲမူ မြတ်သော စည်းစိမ်ကို ရတတ်သည်။
၁၀။ ပျားသည် အိပ်ရာ၌ လာ၍စွဲမူ ချမ်းသာတတ်သည်။
၁၁။ ပျားသည် တင်းကုပ်၌ လာ၍စွဲမူ စွပ်စွဲခံရတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## လင်းတနား အဟော

၁။ လင်းတသည် အရှေ့ဘက်မှ လာ၍နားမူ ပျက်စီးတတ်သည်။ လင်းတသည် အနောက်အရပ်မှ လာ၍နားမူ ခိုးသူဘေးတွေ့တတ်သည်။

၂။ လင်းတသည် တောင်အရပ်မှ လာ၍နားမူ သောကရောက်တတ်သည်။ လင်းတသည် မြောက်အရပ်မှ လာ၍နားမူ စီးပွားတိုးတက်တတ်သည်။

၃။ လင်းတသည် အရှေ့တောင်အရပ်မှ လာ၍နားမူ ရန်ပွားတတ်သည်။ လင်းတသည် အနောက်မြောက်မှ လာ၍နားမူ လာဘ်ရတတ်သည်။

၄။ လင်းတသည် အနောက်တောင်မှ လာ၍နားမူ ဥစ္စာရတတ်သည်။ လင်းတသည် နေဝင်ချိန်လာ၍နားမူ လာဘ်ရတတ်သည်။ လင်းတသည် သူငယ်အိပ်ချိန် လာ၍နားမူ ဆင်းရဲတတ်သည်။

၅။ လင်းတသည် မွန်းတည့်ချိန်၊ လာ၍နားမူ စီးပွားတိုးတက်တတ်သည်။ လင်းတသည် မွန်းလွဲချိန်လာ၍နားမူ ချမ်းသာတတ်သည်။ လင်းတသည် အရှေ့ဘက်မျက်နှာပြု၍နားမူ စီးပွားတိုးတက်တတ်သည်။

၆။ လင်းတသည် အနောက်ဘက်မျက်နှာပြု၍ နားမူ လာဘ်ရတတ်သည်။ လင်းတသည် တောင်ဘက်သို့ မျက်နှာပြု၍ နားမူ ဖျားနာတတ်သည်။

၇။ လင်းတသည် မြောက်ဘက်သို့ မျက်နှာပြု၍ နားမူ ကူညီသူပေါ်တတ်သည်။ လင်းတသည် အရှေ့မှလာ၍ အစာအန်မူ ဥစ္စာများစွာ ရတတ်သည်။

BURMESE CLASSIC .com
www.burmeseclassic.com